မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၆)

သိပ္ပဋ္ဌ တော် မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာတတ်မြောက်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့၌ ကျင်းပသော ဆင့်မအကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မန္တလေးတောင် ဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိလာကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆုတောင်းပြည့်စေတီတော်အရှေ့ဘက်မုခ်ရှိ ကကုသန်ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်း ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ချည်မျှင်ရှည်ဝါ စိုက်ခင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာမြို့နယ် မအူကျေးရွာအုပ်စု တောင်သူဦးကျော်မြင့်၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
သတင်း ဆောင်းပါး အညွှန်း

ကျွန်အဖြစ် နှံ့မနစ်ကြစေဖို့ (သို့မဟုတ်) သွေးခွဲအနိုင်ယူမခံရစေဖို့

ကျစ်လျစ်သိပ်သည်းသော စည်းလုံးညီညွတ်ခြင်းဖြင့်သာ တစ်ကျော့ပြန်ကျွန်အဖြစ် နှံ့နစ်ခြင်းမှ ရှောင်ရှားနိုင်ကြမည်ဖြစ်ပါ၏။ တိုင်းရင်းသားညီအစ်ကို နောင်ဘွားအချင်းချင်း ရေပက်မဝင်သော သွေးစည်းညီညွတ်မှုဖြင့်သာ နယ်ချဲ့ပယောဂဖြင့် သွေးချောင်းစီးရမည့် အန္တရာယ်မှ လွတ်ကင်းနိုင်ကြမည်ဖြစ်ပါ၏။

လှိုင်အောင် ၏ ဆောင်းပါး (စာ-၁၀)

မျက်မှောက်ခေတ်သည် အိုင်တီနည်းပညာများ အံ့မခန်း ဖွံ့ဖြိုးတိုးတက်နေသော ခေတ်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အမီလိုက်နိုင်ရန် ကြိုးစားနေသကဲ့သို့ မြန်မာနိုင်ငံသည်လည်း ခေတ်နောက်ကျ ကျန်ရစ်မနေစေရန် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအာရုံစိုက် အကောင်အထည်ဖော်လျက်ရှိ။



ချစ်စိုးနိုင်၏ အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်ဖြစ်သည့် အသုံးချဆော့ဖ်ဝဲဈေးကွက်နှင့် မိတ်ဆက်ပွဲ သတင်းဆောင်းပါး (စာ-၁၂)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

3-2 (01) 1 2/3/08, 3:22 AM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော်က ရေသယံဇာတ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြုပြီး လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးသာမက ရေအားလျှပ်စစ်စီမံကိန်းများပါ တိုးမြှင့်ဖော်ဆောင် ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့၏အရှေ့မြောက်ဘက် မိုင် ၃၀ခန့်အကွာ နမ့်တိန်ချောင်းပေါ်၌ ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်လျက်ရှိသည်။ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နှစ်စဉ် ၄၇၂ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်ပေးနိုင်မည်ဖြစ်သည်။

ရေအားလျှပ်စစ်စီမံကိန်း၏ အစိတ်အပိုင်းများဖြစ်သည့် ရေလွှဲဆည်၊ ရေယူအဆောက်အအုံ၊ ရေခေါ်တူးမြောင်း၊ ရေသွယ်မြောင်းနှင့် ရေထိန်းကန်တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ ကျန်အစိတ်အပိုင်းများ ဆောလျင်စွာပြီးစီးရေးအတွက် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်ကျိုင်းတောင်း စီမံကိန်းကို တည်ဆောက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား ၅၂ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ နမ့်တိန်ချောင်းတစ်လျှောက် တည်ဆောက်လျက်ရှိသော စီမံကိန်းများတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

နိုင်ငံတော်က လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေအရင်းအမြစ်များကို အသုံးချပြီး ရေအားလျှပ်စစ်စီမံကိန်းများ အင်တိုက်အားတိုက် အကောင် အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းများမှတစ်ဆင့် မြို့နယ်များသို့ စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်သည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုကာ တိုင်းရင်းသားပြည်သူများအနေဖြင့် အကျိုးကျေးဇူး ပိုမိုခံစားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှုတက္ကသိုလ်(မြို့ပြ) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

၁၉၈၇နှင့်၁၉၉၁ခုနှစ် စက်မှုတက္ကသိုလ်(မြို့ပြ)ကျောင်းဆင်း ကျောင်းသားဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို လှည်းတန်းမီးပွိုင့်အနီးရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၆ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ကိုသန်းဝင်း ဖုန်း-၀၉-၅၀-၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉-၉၉-၂၅၆၄၉၊ ကိုကိုအေး ဖုန်း-၀၉-၅၁၁၉၀၇၀၊ ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀-၃၃၅၅၈၊ မမော်မော်ကြည် ဖုန်း-၀၉-၈၀-၂၀၉၇၈နှင့် ကိုတိုးတိုးဝင်း ဖုန်း-၀၉-၅၀-၁၄၄၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ**(အပိုင်း-၁၅)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၂၉)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတု စာအုပ်ဈေးရောင်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

၁၉၃၃ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့သော ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် ၂၀၀၈ ခုနှစ်တွင် (၇၅)နှစ်ပြည့်မြောက်ပြီး စိန်ရတုကာလသို့ ရောက်ရှိခဲ့သည်။ စိန်ရတု အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁ရက်မှ ၁၀ရက်အထိ နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဘွဲ့ရ ဆရာတော်ကြီးများက ၁၀ ရက်တိုင်တိုင် တရားဒေသနာ ဟောကြားတော်မူကြပြီး ဓမ္မပူဇာအလှူတော် မင်္ဂလာကျင်းပ၍ ဤရိပ်သာကြီးအား တည်ထောင်ခဲ့သည့် ဘွားဦးဇွန်းအားလည်းကောင်း၊ ဤရိပ်သာကြီးအား ကြီးပွားတိုးတက်လာအောင်ကာလကြာမြင့်စွာ ပြုစုပျိုးထောင်လာခဲ့ကြသည့် ဥက္ကဋ္ဌ မြန်မာ့အလင်းဦးတင်အား အမှူးပြုသည့် စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဘိုးဘွားများ၊ အလှူရှင်များ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် အပ်စပ်သမျှ ပုဂ္ဂိုလ်အပေါင်း၊ သတ္တဝါဟူသမျှတို့အား အမျှပေးဝေခဲ့ကြသည်။

မဂ္ဂဇင်း

အလားတူ စိန်ရတုအထိမ်းအမှတ်အဖြစ် အမျိုးသားစာပေဆုရ စာရေးဆရာကြီး တက္ကသိုလ် စိန်တင်ရေးသားပြုစုသည့် မေတ္တာရှင်၊ စေတနာရှင်၊ ကရုဏာရှင်တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ရဘွားဦးဇွန်းအတ္ထုပ္ပတ္တိစာအုပ်၊ အမျိုးသားစာပေဆုရ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာကြီး ဒေါက်တာထိလာစစ်သူ ရေးသားသီကုံးသည့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်ပြည့် စိန်ရတုဂုဏ်ပြုမော်ကွန်းတင်ကဗျာကြီး ကဗျာစာအုပ်တို့ကို ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်သည်။ အမျိုးသားစာပေဆုရ စာရေးဆရာမကြီးဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)ရေးသားပြုစုသည့် အဖေကြီးဦးတင်ရဲ့ မေတ္တာရန့်သင်းပျံ့တဲ့ နှင်းဆီကုန်းဘိုးဘွားရိပ်သာစာအုပ်မှာ ယခုဖေဖော်ဝါရီလအတွင်း ထွက်ရှိမည်ဖြစ်သည်။ အလားတူစိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်းကိုလည်း ထုတ်ဝေရန် စီစဉ်ထားရှိပြီးဖြစ်သည်။

စုံစမ်းနိုင်

ယခုစိန်ရတုအထိမ်းအမှတ် အစီအစဉ်တစ်ခုအဖြစ် ဘိုးဘွားများအား ကုသိုလ်ပြုသည့်အနေဖြင့် စာအုပ်ဆိုင်ပေါင်း ၅၀ခန့် ပါဝင်ပြသရောင်းချကုသိုလ်ယူကြမည့် စာအုပ်ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၉ရက်မှ ၁၇ရက် အထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာဝင်းအတွင်း၌ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။ ဆိုင်ခန်းဖွင့်လှစ်လိုသည့် စာပေတိုက်များ၊ စာအုပ်အရောင်းဆိုင်များသည် ဖေဖော်ဝါရီ ၅ရက်နောက်ဆုံးထား၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် လူကိုယ်တိုင် လာရောက် စာရင်းပေးသွင်းရမည်။ ဆိုင်ခန်းများကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ မဲနှိုက်နေရာချထားပေးမည်ဖြစ်ရာ ဖုန်း-၅၄၁၇၉၇၊ ၅၄၁၇၉၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်သည်။ (က-ပ)

နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၃ရပ်ကွက် ၉ လမ်း အမှတ် ၁၅၅နေ ဒေါက်တာရွှေလှိုင်-ဒေါ်သင်းသင်းမြင့်ရွှေ၊ သားမောင်စွမ်းလင်း၊ မောင်ကောင်းသာမိသားစု (မွေးနေ့အထိမ်းအမှတ်)တို့က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌရွှေစင်အကယ်ဒမီဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် သစ္စာဥယျာဉ်အိမ်ရာ တောင်ဥက္ကလာစက်မှုဇုန်နေ ဦးသန်းဆွေ-ဒေါ်ခင်ကြည် မိသားစုက ငွေကျပ် တစ်သိန်းငါးထောင်ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သီတဂူကြယ်တစ်ပွင့်ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂

မန္တလေး ပြည်ကြီးတံခွန် ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်နှင့် ရန်ကုန်သဃ်္ဃန်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် လုပ်သားလမ်း သံသုမာလမ်းမကြီး သွားကောလိပ်အနီး ဇေယျာရွှေပြည်ကျောင်းတိုက်တို့၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဖေဖော်ဝါရီ ၈ရက်နှင့် ၉ ရက်၌ မွေးနေ့အလှူ ဖိုးဝင်းတပ်ရွာဝက်လက်၊ ၁၀ ရက်၌ အင်ဒေါင်းရွာဝက်လက်၊ ၁၁ရက် (ဆည်းဆာ)၌ ဦးလှသိန်းဗိမာန် ၃၄လမ်း မန္တလေး၊ ၎င်းည၌ ၁၁/၄ရပ် ပြည်ကြီးတံခွန် မန္တလေး၊ ၁၂ရက်(ဆည်းဆာ)၌ လှဲတန်းရပ်မြောက်ပြင် မန္တလေး၊ ၎င်းည၌ အေးချမ်းသာဓမ္မာရုံ ပြည်ကြီးတံခွန် မန္တလေး၊ ၁၃ ရက်ည၌ အမိုက်စုရပ် အမရပူရ၊ ၁၄ ရက် (ဆည်းဆာ)၌ သကြားဂူရာပြည့် မန်းတောင်ခြေ မန္တလေး၊ ၎င်းည၌ ၆၉လမ်း ၃၈-၃၉ ကြား မန္တလေး၊ ၁၅ရက် (ဆည်းဆာ)၌ ၅၇လမ်း ၈၈/၃ရပ် ကံသာယာ မန္တလေး၊ ၎င်းည၌ ထုံးဘိုရွာ ပုသိမ်ကြီး၊ ၁၆ရက်ည၌ ကန်တော်ရွာ မြင်းမူ၊ ၁၇ရက်ည၌ ၂၄ဆူ ဘုရား မတ္တရာမြို့၊ ၁၈ရက်ည၌ ညောင်အုပ်ရွာ မတ္တရာ၊ ၁၉ရက်(ဆည်းဆာ)၌ ညောင်ကွဲအလယ်ရပ် မြောက်ပြင်မန္တလေး၊ ၎င်းည၌ လေးစုကန်တော် အမရပူရ၊ ၂၀ရက်ည၌ ကျောက်မီးရွာ ပုသိမ်ကြီး ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမဆောင်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ထူးချွန်ဆုရရှိကြသူများအား ဆုများကိုချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် စိမ်ထူးချွန်တံဆိပ်(တတိယဆင့်) ရရှိသော တောင်ငူမြို့ ပဲခူးတိုင်း(အရှေ့ပိုင်းရုံး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်၊ ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်းရုံး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးမောင်မောင်အေး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်)ရ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်ရုံးမှ ရုံးစောင့် ဝန်ထမ်း ဦးတင်မြင့်၊ စံပြခရိုင်ရုံးဆုရ ဧရာဝတီတိုင်း ပုသိမ်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းရွှေ၊ စံပြမြို့နယ်ရုံးဆုရ ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်ရုံးမှ ဒုတိယ ဦးစီးမှူး ဦးမောင်မောင်ညွှန့်နှင့် သတင်းစာများ၌ သတင်းအများဆုံး ဖော်ပြနိုင်သည့် ပြည်နယ်၊ တိုင်းဆုရ ပြည်နယ်၊ တိုင်းရုံးများ ကိုယ်စား မန္တလေးတိုင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်နယ်နှင့် တိုင်းများမှ ကိုယ်စားလှယ်များအား ချီးမြှင့်ငွေကျပ် ၁၇၀၀၀၀နှင့် နေပြည်တော်မြို့မ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ချီးမြှင့်ငွေကျပ် ၂၉၀၀၀၀ စုစုပေါင်းငွေကျပ် ၄၆၀၀၀၀တို့ကို စစ်ကိုင်းတိုင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းအား ပေးအပ်ချီးမြှင့်သည်။

ထူးချွန်ဆု

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်က Media လုပ်ငန်းများ သွက်လက်ထက်မြက်စွာ အများဆုံး ဆောင်ရွက်နိုင်သည့် ခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ ဆုရ ခရိုင်ရုံးနှင့် မြို့နယ်ရုံးများကိုယ်စား ပဲခူးခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်လှလှ၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရေးဆောင်ရွက်နိုင်မှုဆုရရုံးများကိုယ်စား ဧရာဝတီတိုင်း မြောင်းမြမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ရီရီလွင်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားဖမ်းစက်ရရှိရေး အများဆုံးစည်းရုံးဆောင်ရွက်နိုင်မှုဆုရ ရုံးများကိုယ်စား ဧရာဝတီတိုင်း ဖျာပုံမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးစန်းဝင်း၊ ငွေစာရင်းလချုပ် အချိန်မှန်မှန်ပေးပို့နိုင်မှုဆုရခရိုင်များကိုယ်စား မကွေးတိုင်း သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်၊ စာပေ၊ အားကစား၊ အနုပညာ သင်တန်းနှင့် ပညာရည်ထူးချွန်ဆု ရရှိသူများကိုယ်စား တပ်မတော်ဆေးတက္ကသိုလ်မှ အလုပ်သင်ဗိုလ်ချမ်းငြိမ်းသူနှင့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၂၈၄၇၀၀၀ကို ဦးစီးအရာရှိ (ငွေစာရင်း)ဦးတင်ဝင်းတို့အား ဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းအခမ်းအနားတွင် ဝန်ထမ်းများအား လုပ်ငန်းထူးချွန်ဆု ၅၉ဆုနှင့် စာပေ၊ အားကစား၊ အနုပညာ၊ သင်တန်းနှင့် ပညာရည်ထူးချွန်ဆု ၃၈ဆု စုစုပေါင်း၉၇ဆုတို့ကို ချီးမြှင့်သည်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် စာပေ၊ အားကစား၊ အနုပညာသင်တန်းနှင့် ပညာရည်ထူးချွန်ဆု ရရှိသူများကိုယ်စား တပ်မတော်ဆေးတက္ကသိုလ်မှ အလုပ်သင်ဗိုလ်ချမ်းငြိမ်းသူ အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မရမ်းကုန်း၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အထက(၁) ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသားဟောင်းများပူးပေါင်း၍ စာပေဟောပြောပွဲကို အထက(၁)စန္ဒိမာခန်းမ၌ ဇန်နဝါရီ၂၃ ရက်က ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်(မရမ်းကုန်း)နှင့် ကျောင်းအုပ်ဆရာကြီး ဦးမောင်အုံးတို့က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် စာရေးဆရာ ကောင်းသန့်နှင့် သန်လျင်မောင်မောင်ဦးတို့က စာပေရေးရာများ ဟောပြောကြသည်။

အခမ်းအနား၌ အထက(၁) ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်၊ သား မောင်လင်းပြည့်(ဆန္ဒမွန်ဆေးတိုက်)က ငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းကြောင်း သိရသည်။

(က-ပ)

မြဝတီမြို့၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ကရင်ပြည်နယ် မြဝတီမြို့တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ၂၅ ရက် ည ၇ နာရီက ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစောစံဦး(စောငြိမ်းချမ်း-မြဝတီ)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသက်ဦး(သက်ဦးနိုင်-မြဝတီ)က ဆောင်ရွက်သည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ရွှေညွှန့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင် ဦးမောင်မောင်တင်က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၏ စာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားပြီး စာရေးဆရာများ ဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ မိချမ်းဝေနှင့် သန်လျင်မောင်မောင်ဦးတို့က စာပေရေးရာများ ဟောကြားကြသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ ရွှေလောင်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂:၀၅ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **အဖြူရောင်ကြိုးကလေး** လူမင်း၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၄:၀၀ ၆။ မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ
- ၁၄:၁၅ ၇။ အကပြိုင်ပွဲ
- ၁၄:၃၀ ၈။ စလင်းရေလှောင်တမံ
- ၁၄:၄၅ ၉။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ **ညှော်မယ်ဗျို့** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၈:၅၀ ၁၁။ တေးဂီတအစီအစဉ်
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၁၀)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း-၁၈)

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံ့ဂုဏ်ရည် စာပေတိုက်မှ အောက်ပါစာအုပ်များ ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ပုဂံမြေစာပေဝိုင်း

ပုဂံညောင်ဦးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြိုးပမ်းမှု အမှတ်တရစာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် မဂ္ဂဇင်း တစ်စောင်သဖွယ် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ ပါဝင်ဖွဲ့စည်းထားပြီး ပုဂံညောင်ဦးတစ်ဝိုက်ရှိ စာပေသမားများဖြစ်သော မင်းဘူးအောင်ကြိုင်၊ ဗိုလ်ချိုမြင့်ဆွေ၊ တင်ရီမ-ညောင်ဦး၊ တင်တင်ဝင်း -ဗိုလ်ချိုမြေ၊ အရှင်ဥတ္တရသာရအပါအဝင် ကလောင်ရှင် ၃၀ခန့်က ဝိုင်းဝန်းအကောင်အထည်ဖော် ပြုစုထားသော စာအုပ်ဖြစ်သည်။

တင်မြင့်၏ ရေစကြိုဆရာတော်အရှင်ဝရသမ္ဘောဓိ၏ ဘဝကထာနှင့် စာပေအလင်္ကာ

၂၀၀၅ ခုနှစ် စာပေဗိမာန် စာပဒေသာ ပထမဆုရ စာအုပ်ဖြစ်သည်။ ဆရာတော်နှင့် ပတ်သက်သည့် ကဏ္ဍပေါင်း ၂၅ ခု ပါဝင်သည်။ စာရေးသူ၏ ရှာဖွေစုဆောင်းနိုင်မှု၊ ကျမ်းပြု ပုဂ္ဂိုလ်အပေါ် စာဖတ်သူ ကြည်ညိုလာအောင်၊ ထင်လာမြင်လာအောင် ရေးဖွဲ့ထားသဖြင့် စာစုသူတို့အတွက် လက်ကိုင်ထားသင့်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

စစ်ကိုင်းစိမ်းစိမ်း၏ ရေမြေခြားပေမယ့် စိတ်ထားက မြန်မာ



တိုင်းတစ်ပါးသို့ ရောက်ရှိနေသော မြန်မာအမျိုးသမီးတစ်ဦး၏ ပင်ကိုရေး ဝတ္ထုဆောင်းပါးများဖြစ်သည့် ဝတ္ထုဆောင်းပါး ၁၂ပုဒ်ကို စာရေးဆရာ အမေ့သားက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားထားပြီး ပြည်ပသို့ ရောက်ရှိနေသော်လည်း မြန်မာအမျိုးသမီးတစ်ဦး၏ အမိမြေကို ချစ်မြတ်နိုးစိတ်၊ လွမ်းတစိတ်များနှင့် အမိနိုင်ငံ၏ ချစ်မြတ်နိုးဖွယ် ဓလေ့ထုံးစံများကို ဖွဲ့နွဲ့ထားသည်။ မြန်မာမှု မြတ်နိုးသော မြန်မာမလေးတစ်ဦး၏ ရင်တွင်း ခံစားချက်လည်း ဖြစ်ပေသည်။ ဂူဖရီးစက္ကူချော၊ အပ်ကပ်အဖုံးရောင်စုံ၊ အတွင်း သရုပ်ဖော်များဖြင့် လှလှပပထုတ်ဝေထားသည်။

အဆိုပါစာအုပ်များကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) ဖုန်း-၃၇၄၅၃၂၊ ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ဖုန်း-၇၂၅၅၃၀ အလက(၁) ရန်ကင်းရှေ့နှင့် ရန်ကုန်နှင့် မန္တလေးမြို့များရှိ အခြားစာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၂) လမ်းနှင့် ကမ္ဘာ့စေတီလမ်းထောင့်ရှိ ရှေ့နေချုပ်ရုံးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးသို့ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ မိဘများနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ သား/သမီးများစာရင်းကို အထောက်အထား၊ အမှတ်စာရင်းမိတ္တူနှင့် တကွ နာယကဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဥက္ကဋ္ဌဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန်း ဖုန်း-၅၄၉၉၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း-၅၇၉၁၁၈၊ အတွင်းရေးမှူး ဦးသောင်းညွှန့် ဖုန်း-၅၅၉၀၆၆၊ တွဲဖက်အတွင်းရေးမှူး ဦးဖိုးချို ဖုန်း-၅၄၅၃၂၃၊ ဦးကြည်မြင့် ဖုန်း-၂၉၉၇၄၈၊ ဦးယုတင် ဖုန်း-၃၈၀၉၀၈နှင့် ဦးသာဒွေး ဖုန်း-၇၂၈၈၃၂တို့သို့ ဖေဖော်ဝါရီ ၁၁ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။

(က-ပ)

အာဖဂန်သို့ ဂျာမနီတပ် ထပ်မံစေလွှတ်ရန် အမေရိကန်တိုက်တွန်း ဘုရှ်နှင့် ဘရောင်းတို့အား ကနေဒါဝန်ကြီးချုပ်ရာဇသံပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် ဂျာမနီနိုင်ငံအား အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က တိုက်တွန်းလိုက်သည်။ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ခြင်းမပြုလျှင် အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးဦးဆောင်သည့်တပ်များအနေဖြင့် အများပြည်သူယုံကြည်ကိုးစားမှု ပျက်စီးနိုင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂိတ်က သတိပေးလိုက်သည်။

နေတိုးဦးဆောင်

အာဖဂန်နစ္စတန်တွင် နေတိုးဦးဆောင်သည့်တပ်ဖွဲ့ဝင်ပေါင်း ၃၇၀၀၀ မျှ ရှိသည်။

တုံ့ပြန်

ဂျာမနီကာကွယ်ရေးဝန်ကြီး ဖရန့်ဂျိုးဇက်ကလည်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂိတ်ကဲ့သို့ပင် တင်းတင်းမာမာ တုံ့ပြန်လိုက်သည်။

တင်းမာစွာဆက်ဆံ

နေတိုးအဖွဲ့အတွင်း သဘောထားကွဲသည့်လက္ခဏာများပေါ်ထွက်လာစဉ် အမေရိကန်နှင့် ဂျာမနီကာကွယ်ရေးဝန်ကြီးတို့တင်းမာစွာ ဆက်ဆံကြခြင်း ဖြစ်သည်။

ရာဇသံပေး

ထို့အပြင် ကနေဒါနိုင်ငံကလည်း အနီးရာယ်များသည့် အာဖဂန်နစ္စတန်တောင်ပိုင်းသို့ နေတိုးတပ်များ ထပ်မံမစေလွှတ်လျှင် မိမိတို့အနေဖြင့်အာဖဂန်နစ္စတန်၌ စစ်ရေးပါဝင်မှု ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ်စတီဖင်ဟာပါက အမေရိကန်သမ္မတဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ်ဘရောင်း တို့အား ရာဇသံပေးလိုက်သည်။ **(အင်တာနက်)**

ဘဂ္ဂဒက်၌ ဗုံးနှစ်လုံးပေါက်ကွဲ လူ ၁၀၀နီးပါး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

ဘဂ္ဂဒက်မြို့ လူစည်ကားရာဈေးကြီးများ၌ ဖေဖော်ဝါရီ ၁ရက်က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ **(အပေါ်ပုံ)** လူ ၁၀၀နီးပါး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ပထမပေါက်ကွဲသည့် ဗုံးမှာ ဒေသစံတော်ချိန် နံနက်၁၀နာရီ မိနစ်၂၀တွင် လူသိများသော တိရစ္ဆာန်များရောင်းသည့်ဈေးကြီး၌ အမျိုးသမီးတစ်ဦးက အသေခံဗုံးခွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

ဒုတိယမြောက် ပေါက်ကွဲသည့်ဗုံးမှာ ပထမဗုံးပေါက်ကွဲပြီး မိနစ် ၂၀အကြာ ဘဂ္ဂဒက်အရှေ့ပိုင်း လူစည်ကားရာဈေးကြီး၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

တိုးမြှင့်ချထား

၂၀၀၇ခုနှစ် ဒုတိယနှစ်ဝက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားနိုင်ခဲ့ခြင်းကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများကျဆင်းသွားပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၁ရက်သည် သေပျောက်မှုအများဆုံး၊ သွေးထွက်သံယိုမှု အဖြစ်အများဆုံးနေ့ ဖြစ်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ လေဟုန်စီးစွမ်းရည် ပြသနေသူတစ်ဦးကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကန်လယ်ယာထွက်ကုန်များ တင်သွင်းမှု မက္ကဆီကို၌ ဆန္ဒပြ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံမှ လယ်ယာထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုကို ဆန့်ကျင်ကန့်ကွက်သည့် အနေဖြင့် ထောင်ပေါင်းများစွာသော မက္ကဆီကိုလယ်သမားများက မက္ကဆီကိုစီးတီးမြို့တွင် ဖေဖော်ဝါရီ ၁ ရက်၌ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ပြီးခဲ့သည့် ဇန်နဝါရီလကသဘောတူညီခဲ့ကြသည့် မြောက်အမေရိကလွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှု သို့မဟုတ် အင်အေအက်ဖ်တီအေ စာချုပ်အရ အမေရိကန်တို့က ကုန်ပစ္စည်းများကို ပထမဆုံးအကြိမ် မက္ကဆီကိုသို့ တင်ပို့ခဲ့ခြင်း ဖြစ်သည်။

မက္ကဆီကို လယ်သမားများက မက္ကဆီကိုသမ္မတ ဖီလီပီကယ်ဒါရွန်အား မိမိတို့၏ ထုတ်ကုန်ကာကွယ်မှု မပေးဟူသော ကြွေးကြော်မှုများဖြင့် အော်ဟစ်ဆန္ဒပြခဲ့ကြသည်။

မက္ကဆီကိုစီးတီးသို့ သွားလာနေသည့် မော်တော်ကားလမ်းတစ်လျှောက် အမေရိကန်လယ်ယာထုတ်ကုန်များကို ဆန့်ကျင်ရေးအတွက် မက္ကဆီကို၌ ဆက်လက်ဆန္ဒပြမည် ဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် စစ်စခန်းတစ်ခု၌ စစ်ရေးလေ့ကျင့်မှု သရုပ်ပြနေကြသည်ကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်ပြည်သူ ခြောက်သန်းကျော် အဝေးသင်ပညာရေး သင်ယူနိုင်ခဲ့ကြ

ပေကျင်း ဖေဖော်ဝါရီ ၂

တရုတ်ပြည်သူ ခြောက်သန်းကျော်ခန့်သည် လွန်ခဲ့သော ဆယ်စုနှစ်သုံးခုအတွင်း ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် အင်တာနက်တို့မှတစ်ဆင့် ကောလိပ်အဆင့် အဝေးသင်ပညာရေးကို သင်ယူနိုင်ခဲ့ကြကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အခြားတရုတ်ပြည်သူ သန်း၄၀တို့သည် နိုင်ငံ၏ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် ကောလိပ်ပညာရေးသင်ခန်းစာများကို လေ့လာသင်ယူနိုင်ခဲ့ကြကြောင်း ပေကျင်းမြို့၌ ဇန်နဝါရီ ၃၁ရက်က ကျင်းပသော အဝေးသင် ပညာရေးအစည်းအဝေး သတင်းရပ်ကွက်မှ သိရသည်။

အခွင့်အလမ်းများပေးနိုင်

တရုတ်နိုင်ငံ၌ ၁၉၇၈ ခုနှစ်မှစပြီး ရေဒီယိုနှင့်ရုပ်မြင်သံကြားတက္ကသိုလ်ဗဟိုနှင့် ပြည်နယ်ရေဒီယိုနှင့် ရုပ်မြင်သံကြားကောလိပ် ၄၄ ခုတို့ကို တည်ဆောက်ပေးခဲ့သည်။ တက္ကသိုလ်မတက်ရောက်နိုင်သူများအတွက် အဝေးသင်ပညာရေးအခွင့်အလမ်းများ ပေးနိုင်ခဲ့သည်ဟု ဆိုသည်။

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမအောင်သော ကျောင်းသူကျောင်းသားများလည်း နိုင်ငံတစ်ဝန်းရှိ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် သင်ခန်းစာများ ဖမ်းယူသင်ကြားနိုင်ကြသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စစ်ပွဲအတွင်း သေဆုံးသော အီရတ်ပြည်သူ တစ်သန်းကျော်ရှိ သုတေသနပြု စစ်တမ်းကောက်ယူမှုတွင် ဖော်ပြ

လန်ဒန် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံ၌ ၂၀၀၃ ခုနှစ်က အမေရိကန်ဦးဆောင်သော တပ်များ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် နိုင်ငံတွင်းပဋိပက္ခများကြောင့် သေဆုံးသူပေါင်း အီရတ်ပြည်သူတစ်သန်းကျော် ရှိသွားပြီဖြစ်ကြောင်း၊ ဗြိတိသျှသုတေသနအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းလေ့လာချက်ကို အိုအာဘီအဖွဲ့က အီရတ်နိုင်ငံရှိ အရွယ်ရောက်သူ ၂၄၁၄ ဦးအား တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ရာ ၂၀ ရာခိုင်နှုန်းက ယင်းတို့၏ မိသားစုထဲမှ အနည်းဆုံး တစ်ဦးသေဆုံးကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

သေဆုံး

၂၀၀၇ ခုနှစ်တွင် အဆိုပါအဖွဲ့က အီရတ်နိုင်ငံ၌ အိမ်ထောင်စုဝင် ၄ဒသမ ၀၅ သန်းကို စစ်တမ်းကောက်ယူမေးမြန်းခဲ့ရာတွင် လူပေါင်း ၁ ဒသမ ၀၃သန်းမှာ စစ်ပွဲကြောင့် သေဆုံးခဲ့ရကြောင်း ၎င်းသုတေသနအဖွဲ့က ပြောကြားသည်။

မေးမြန်း

အဆိုပါသုတေသနပြု စစ်တမ်းကောက်ယူခဲ့ရာတွင် အီရတ်နိုင်ငံရှိ ပြည်နယ် ၁၈ခု၌ ၁၅ခု စာရင်းကောက်ယူစစ်ဆေးမေးမြန်းခဲ့ကြောင်း၊ ကာဘာလာ၊ အန်ဘာဒေသနှင့် အာဘီလ်ပြည်နယ် မြောက်ပိုင်းဒေသများမှ ဒေသအာဏာပိုင်များက ခွင့်မပြုခဲ့၍ စစ်တမ်းကောက်ယူနိုင်ခြင်း မရှိဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှု ကောက်ပဲသီးနှံများ အထွက်နှုန်းကျဆင်းနိုင်

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၂

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုသည် လာမည့် အနှစ်၂၀တွင် တောင်အာရှနှင့် အာဖရိကတောင်ပိုင်း၌ ကောက်ပဲသီးနှံများ အထွက်နှုန်း ကျဆင်းနိုင်ကြောင်း သိပ္ပံဂျာနယ်တစ်စောင်တွင် ရေးသားဖော်ပြသည်။

သုတေသနပြု ဆန်းစစ်လေ့လာချက်အရ အာဖရိကတောင်ပိုင်း၌ ၂၀၃၀ ပြည့်နှစ်တွင် အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်မှု ၃၀ ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု ဆိုသည်။

ဖော်ပြ

တောင်အာရှဒေသ အတော်များများတွင်လည်း ဆန်၊ လူးနှင့် ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်မှု ၁၀ရာခိုင်နှုန်း အထိသာ အများဆုံးထွက်ရှိနိုင်ကြောင်း အဆိုပါသုတေသနပြုလေ့လာချက် အစီရင်ခံစာတွင် ဖော်ပြသည်။

ကြုံရဖွယ်

အဆိုပါဒေသနှစ်ခုသည် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကို စနစ်တကျ အစီအမံများ ချမှတ်၍ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိလျှင် ဘေးဒုက္ခဆိုးကြီးနှင့် ကြုံရဖွယ်ရှိသည်ဟုဆိုသည်။

မှီခို

ကမ္ဘာပေါ်ရှိ တစ်ဘီလီယံမျှရှိသော ဆင်းရဲသားအများစုသည် ယင်းတို့၏ ဘဝရှင်သန်နေထိုင်ရေးအတွက် စိုက်ပျိုးရေးကို မှီခိုနေကြရကြောင်း စာရေးဆရာ ဒေးဗစ်လိုဘယ်၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စာတမ်းတွင် ဖော်ပြသည်။

(အင်တာနက်)

အတ္တလန်တစ် လွှန်းပြန်ယာဉ် လာမည့်သီတင်းပတ်တွင် လွှတ်တင်မည်

နာဆာ ဖေဖော်ဝါရီ ၂

အတ္တလန်တစ်လွှန်းပြန်ယာဉ်ကို လာမည့် သီတင်းပတ် ဖေဖော်ဝါရီ ၇ရက်တွင် လွှတ်တင်ရန် နာဆာအဖွဲ့က စီစဉ်လျက်ရှိသည်။

အဆိုပါလွှန်းပြန်ယာဉ်ကို ဖေဖော်ဝါရီ ၇ရက် ဂရင်းနစ်စံတော်ချိန် ၁၉ နာရီ ၄၇မိနစ်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း နာဆာက အတည်ပြုပြောကြားသည်။

သယ်ဆောင်

ယင်းလွှန်းပြန်ယာဉ်သည် ကိုလံဘတ်ဓာတ်ခွဲခန်းကို နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ သယ်ဆောင်သွားမည်ဟု ဆိုသည်။

သယ်ဆောင်သွားသော ဓာတ်ခွဲခန်းကို အမေရိကန်နှင့်ဥရောပအာကာသယာဉ်မှူးများက အတ္တလန်တစ် အာကာသ လွှန်းပြန်ယာဉ်ပေါ်မှနေ၍ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းဓာတ်ခွဲခန်းကို ကမ္ဘာ့မြေမျက်နှာပြင်ရှိ ဆွဲအားများလေ့လာရာတွင် အသုံးပြုနိုင်ကြောင်း နာဆာအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ကင်ညာ၌ အတိုက်အခံခေါင်းဆောင်တစ်ဦး ပစ်သတ်ခံရ အကြမ်းဖက်မှုများ ပိုမိုကြီးထွားလာ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂

ကင်ညာနိုင်ငံတွင် ဒီဇင်ဘာလအတွင်းက ရွေးကောက်ပွဲ အငြင်းပွားမှုကြောင့် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ **(ယာပုံ)**

နောက်ဆုံးဖြစ်ပေါ်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုမှာ ဇန်နဝါရီ ၃၁ရက်က အယ်လ်ဒိုရက်မြို့အနောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးက အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒေးဗစ်တူးအား သေနတ်ဖြင့် ပစ်သတ်လိုက်သည်။

မီးလောင်ခဲ့

အဆိုပါအတိုက်အခံခေါင်းဆောင်တစ်ဦးအား ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့ပြီးနောက် အကြမ်းဖက်မှုများ အရှိန်အဟုန်မြင့်လာရာ ညက်ဇာပြည်နယ်အနောက်ပိုင်း၌ အကြမ်းဖက်မှုဖြစ်ပွားပြီး ရှစ်ဦးသေဆုံး၍ နေအိမ်များ မီးလောင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိပ်မြားထိ

ယင်းဒေသ၌ အကြမ်းဖက်မှု ပိုမိုဆိုးရွားလာရာ ဓား၊ လေးစသောလက်နက်များ ကိုင်ဆောင်လျက် အချင်းချင်းပစ်ခတ်၊ ခုတ်ထစ်ကြရာ ရှစ်ဦးအဆိပ်မြားထိ၍ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ဆက်လက် ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များကလည်း အတိုက်အခံထောက်ခံသူ အနည်းဆုံး သုံးဦးအား သေနတ်ဖြင့်ပစ်သတ်လိုက်သည်။ အယ်လ်ဒိုရက်မြို့၌ အတိုက်အခံ ထောက်ခံသူများနှင့် ရဲတပ်ဖွဲ့တို့ ပဋိပက္ခအကြီးအကျယ်ဖြစ်ပွားရာ သေနတ်ဒဏ်ရာရရှိသူ ၁၃ဦးအား ဆေးရုံတင်ပို့လိုက်ရသည်ဟုဆိုသည်။

(အင်တာနက်)

သစ်ပင် မဖျက်ဆီးနဲ့စသည့် ဆိုင်းဘုတ်များကို ဆန္ဒပြသူများက ကိုင်ဆောင်ကန့်ကွက် ဆန္ဒပြကြသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစည်းအဝေး၌ ဘုရှ်၏မူဝါဒကို ကန့်ကွက်ဆန္ဒပြ

ဟိုနိုလူလူ ဖေဖော်ဝါရီ ၂

ဟိုနိုလူလူကျွန်း အိစ်ဝက်စ် စင်တာရှေ့၌ ဇန်နဝါရီ ၃၀ရက်က ရာသီဥတုပြောင်းလဲမှု ကိုင်တွယ်ရေးတွင် အမေရိကန်သမ္မတ ဘုရှ်အနေဖြင့် ပြတ်ပြတ်သားသားဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွစွာ လှုပ်ရှားသူများက စုရုံးရောက်ရှိဆန္ဒပြကြသည်။

ကမ္ဘာကြီးပူနွေးလာမှု ချက်ချင်းတိုက်ဖျက်၊ ဇီဝလောင်စာအတွက် သစ်တောသစ်ပင် မဖျက်ဆီးနဲ့စသည့် ဆိုင်းဘုတ်များကို ဆန္ဒပြသူများက ကိုင်ဆောင်ကန့်ကွက် ဆန္ဒပြကြသည်။

ဆန္ဒပြကန့်ကွက်

ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ သမ္မတဘုရှ်၏ ခေါင်းမာသည့်မူဝါဒ ပြောင်းလဲသွားစေလိုသဖြင့် အစည်းအဝေးတက်ရောက်သူများက တိုက်တွန်းအသိပေးရန် ဆန္ဒပြကန့်ကွက်ရခြင်း ဖြစ်သည်ဟုဆိုသည်။

ဇန်နဝါရီ ၃၀ရက်က စတင်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နှစ်ရက်ကြာအစည်းအဝေးသို့ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ(အီးယူ)နှင့် ၁၅နိုင်ငံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ နန်နင်းမြို့၌ ဆီးနှင်းများ ထပ်မံကျဆင်းနေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အအေးဓာတ်လွန်ကဲနေသည့်တရုတ်နိုင်ငံ ဆီးနှင်းများထပ်မံကျဆင်းလျက်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၂

လောင်စာစွမ်းအင် မပြတ်အောင် အကူအညီပေးကြရန် တရုတ်သမ္မတ ဟူကျင်တောင်က ကျောက်မီးသွေးလုပ်သားများအား တိုက်တွန်းအားပေးနေစဉ် ရာသီဥတုဆိုးရွားမှုကြောင့် တရုတ်နိုင်ငံဒေသအများအပြားတွင် ဆီးနှင်းများ ထပ်မံကျဆင်းလာသည်။

အတားအဆီး

အချို့သော ရထားပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်စတင်လည်ပတ်လာသော်လည်း ရက်သတ္တပတ်နှစ်သစ်ကူးပွဲတော် အားလပ်ရက်အတွက် နေအိမ်ပြန်လာကြသူများဖြင့် ရထားတွဲများတွင် ပြည့်ကျပ်နေသည့်အတွက် ခရီးသည်အများအပြားမှာ ရထားပေါ်သို့ တက်မရအောင် အတားအဆီး ဖြစ်နေသည်။

တရုတ်ပြည်အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး နှင်းမုန်တိုင်း ကျရောက်ခြင်းဖြစ်သည်။

နှင်းမုန်တိုင်းများကျရောက်မှုကြောင့် လူနေအိမ်များ ပြားပြားဝပ်ကုန်သည်။ လျှပ်စစ်ဓာတ်တိုင်များ လဲကုန်သည်။ စားနပ်ရိက္ခာနှင့်ကျောက်မီးသွေးဖြန့်ဖြူးမှု ရပ်ဆိုင်းနှောင့်နှေးကုန်သည်။ သန်းပေါင်းများစွာသော ပြည်သူတို့ လျှပ်စစ်မီးမရှိ၊ သောက်သုံးရေ မရကြပေ။ **(အင်တာနက်)**

လွှတ်တင်

နာဆာအာကာသစခန်းမှ နိုင်ငံတကာ အာကာသစခန်း(အိုင်အက်စ်အက်စ်)သို့ လွှတ်တင်မည့် အတ္တလန်တစ် လွှန်းပြန်ယာဉ်ကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကျားထိန်းသိမ်းကာကွယ်ရေး အိန္ဒိယ ဒေါ်လာသန်း ၁၅၀ သုံးစွဲမည်

နယူးဒေလီ ဖေဖော်ဝါရီ ၂

အိန္ဒိယနိုင်ငံသည် ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသော ကျားများအား ကာကွယ်ပေးရန် လာမည့်ငါးနှစ်အတွင်း ရူပီးငွေ ခြောက်ဘီလီယံ(အမေရိကန်ဒေါ်လာသန်း၁၅၀) သုံးစွဲသွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးအဖွဲ့က ဇန်နဝါရီ ၃၀ရက်တွင် ပြောကြားသည်။

သတ်ဖြတ်

အိန္ဒိယနိုင်ငံရှိ ကျားကောင်ရေ အရေအတွက်သည် လွန်ခဲ့သောရာစုနှစ်က ၄၀၀၀၀ ခန့်ရှိရာမှ ယခုအခါ ကောင်ရေ ၁၃၀၀၊ ၁၅၀၀ ခန့်သာရှိတော့ကြောင်း၊ တောမုဆိုးများက ကျားသားရေ၊ ကျားရိုးစသော ကျား၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအတွက် အမဲလိုက်သတ်ဖြတ်နေကြောင်း ကျားထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သော ငါးနှစ်က ကျားထိန်းသိမ်းစောင့်ရှောက်ရန် ရူပီး၁ဒသမ ၅သန်းသာသုံးစွဲခဲ့သည်။ ယခုငွေကြေးပိုမိုသုံးစွဲလာခြင်းကြောင့် အိန္ဒိယအစိုးရအနေဖြင့် ကျားထိန်းသိမ်းစောင့်ရှောက်ရေး အထူးအာရုံစိုက် လုပ်ဆောင်လာနေကြောင်း အိန္ဒိယအမျိုးသား ကျားထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အကြီးအကဲ ရာဂျက်ဂိုပယ်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

သမ္မတဘုရှ် ဆွေစဉ်မျိုးဆက်အုပ်စီးမှု ဟီလာရီရှင်းပစ်မည် ဂျွန်မက်ကိန်းကို ဂူလီယာနီနှင့်အာနိုး ထောက်ခံ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂

လာမည့် ၂၀၀၉ခုနှစ်တွင် သူသာ အမေရိကန်သမ္မတဖြစ်လာခဲ့လျှင် အိမ်ဖြူတော်ကို ဆယ်စုနှစ်များစွာ ဆွေစဉ်မျိုးဆက် အုပ်စီး စိုးမိုးခဲ့သော ဘုရှ်မိသားစုနှစ်စုနှင့်ပတ်သက်သည့် စိုးရိမ်မှုများကို ဖြေသိမ့်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဟီလာရီကလင်တန်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

ရည်ညွှန်းပြောကြား

ဒီမိုကရက်တစ် သမ္မတလောင်းနေရာအတွက် သူနှင့်ပြိုင်ဘက်ဖြစ်သူ အိုဘားမားနှင့် ရုပ်မြင်သံကြားစကားစစ်ထိုးပွဲပြုလုပ်စဉ် လက်ရှိသမ္မတဘုရှ်နှင့် သမ္မတဘုရှ်၏ဖခင် သမ္မတဟောင်း စီနီယာဘုရှ်တို့ကို ရည်ညွှန်းပြောကြားလိုက်ခြင်းဖြစ်သည်။

စီနီယာဘုရှ်မှာ ၁၉၈၁ ခုနှစ်မှ ၁၉၈၉ခုနှစ်အထိ သမ္မတရေဂင် လက်ထက် ဒုတိယသမ္မတအဖြစ်တာဝန်ယူခဲ့ပြီး နောက်လေးနှစ်အကြာ အမေရိကန်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည်။ သူ့နောက်တွင် သမ္မတ ဘီလ်ကလင်တန်က သမ္မတတာဝန် လွှဲအပ်ရယူခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၁ခုနှစ်အထိဖြစ်သည်။ ယင်းနောက် လက်ရှိသမ္မတဘုရှ်က သမ္မတရာထူးကို လွှဲယူသည်မှာ ယခုအထိ ဖြစ်သည်။

ဆွေစဉ်မျိုးဆက်

ထို့ကြောင့်ပင် ဟီလာရီကလင်တန်က "သမ္မတစီနီယာဘုရှ် အိမ်ဖြူတော်မှ ထွက်ခွာပြီးနောက် ထိုတာဝန်ကို လွှဲပြောင်းယူရသည့် သူ့ခင်ပွန်း ဘီလ်ကလင်တန်မှ အတော်ရှင်းပစ်ခဲ့ရသကဲ့သို့ မိမိလည်း လက်ရှိ ရီပတ်ဘလီကင်သမ္မတဘုရှ် အိမ်ဖြူတော်မှ ထွက်ခွာသွားသည့်အခါတွင် အိမ်ဖြူတော်ကို ဘုရှ်သားအဖ ဆွေစဉ်မျိုးဆက် အုပ်စီးမှုကို ရှင်းပစ်ရဦးမည်ဖြစ်ကြောင်း" ပြောကြားလိုက်သည်။

ကြေညာ

ဒီမိုကရက်တစ်ပြိုင်ဘက် နှစ်ဦးဖြစ်သည့် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့ နားလည်မှုရရှိသွားကြသည်။ ကွယ်လွန်သူသမ္မတဟောင်းကနေဒီ၏ညီ အထက်လွှတ်တော်အမတ်တက်ကနေဒီက အိုဘားမားကို ထောက်ခံခဲ့သည်။ အလားတူ ရီပတ်ဘလီကင် ကိုယ်စားလှယ်လောင်းများအနက် ရှေ့မှပြေးနေသူ ဂျွန်မက်ကိန်းအား ပြိုင်ပွဲမှ ထွက်သွားသူ ရူဒီဂူလီယာနီနှင့် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ရုပ်ရှင်မင်းသားဟောင်း အာနိုးတို့က ထောက်ခံကြောင်း ကြေညာခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ/ဆင်ဟွာ

အီဂျစ် – အိန္ဒိယနှစ်နိုင်ငံအကြား ပင်လယ်ရေအောက်ဆက်သွယ်ရေးကြိုးပြတ်တောက်

မွန်ဘိုင်း ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၃၀ရက်က ပင်လယ်ရေအောက် ကေဘယ်ကြိုး ကွန်ရက်ပြတ်တောက်သွား၍ အိန္ဒိယနှင့်အီဂျစ်နိုင်ငံတို့အကြား အင်တာနက် ဆက်သွယ်မှု ဆိုးရွားစွာ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည်။

ကေဘယ်ကြိုးပြတ်တောက်

မြေထဲပင်လယ်ထဲရှိ ဆက်သွယ်ရေးကေဘယ်ကြိုး ပြတ်တောက်ခဲ့၍ အီဂျစ်နိုင်ငံ၏ အင်တာနက်ကွန်ရက် ဆက်သွယ်မှု ၇၀ ရာခိုင်နှုန်း ထိခိုက်မှုရှိကြောင်း အီဂျစ်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းကေဘယ်ကြိုး ပြတ်တောက်သွားသည့်အတွက် ပြန်မဆက်နိုင်သေးကြောင်း၊ သို့သော်လည်း မကြာမီရက်များအတွင်း ပုံမှန်ပြန်ကောင်းလိမ့်မည်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အခက်အခဲ

၎င်းကေဘယ်ကြိုး ပြတ်တောက်မှုကြောင့် အိန္ဒိယနိုင်ငံသည်အင်တာနက် ဆက်သွယ်မှု ဆိုးရွားစွာ ထိခိုက်ခဲ့ပြီး အီဂျစ်နိုင်ငံနှင့် ဆက်သွယ်မှုမှာလည်း အခက်အခဲဖြစ်စေခဲ့ကြောင်း အိန္ဒိယနိုင်ငံ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

လှုပ်လှုပ်ရှားရှား အင်တာနက် ပုံရိပ်များ



တရုတ်နိုင်ငံ ကျင်စီပြည်နယ် ယီဟာန်စီရင်စု၌ ဖေဖော်ဝါရီ ၁ရက်က ဆီးနှင်းများ ထုထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ ဓာတ်အားများ ပြတ်တောက်ခဲ့သဖြင့် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဂျော်ဒန်နိုင်ငံ အမ္မာန်မြို့၌ ဖေဖော်ဝါရီ၁ရက်က နှင်းမုန်တိုင်းများတိုက်ခတ်ကာ ဆီးနှင်းများကျရောက်ခဲ့သဖြင့် မော်တော်ယာဉ်သွားလာမှု ဤသို့ ရပ်ဆိုင်းခဲ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းသတင်းဖြစ်ရပ်

ရင်ထဲမှာတော့ သောကရာသီ

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဒေါ်ဆန်ဗီလီ မြို့ကလေးသည် အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ဂျော်ဂျီယာပြည်နယ်ရှိ မြို့ကလေးတစ်မြို့ဖြစ်ပြီး လူနေကျဲပါးကာ တောတောင် သဘာဝအလှအပရှုခင်းများဖြင့် သာယာလှပသည်။ အေးဆေးတိတ်ဆိတ်ငြိမ်းချမ်းမှုလည်းရှိသည်။

ထင်တိုင်းကြဲ

ယင်းမြို့ကလေးတွင် အသက် ၆၁နှစ်အရွယ်ရှိ ဂါရီမစ်ချယ်ဟီလ်တန် **(ဝဲအလယ်ပုံ)** နေထိုင်သည်။ ဟီလ်တန်သည် ငယ်စဉ်က မိဘများရှိစဉ် မိဘများ၏ အလိုလိုက်ခံရသည့် တစ်ဦးတည်းသောသားဖြစ်သည့် အားလျော်စွာ ဆိုးတေခဲ့သူဖြစ်သည်။ သားဖြစ်သူ ဟီလ်တန် ဒုက္ခရောက်မည့် နောင်ရေးကို တွေးပူကာ ပညာကြိုးစားသင်ယူရန် ဆုံးမခဲ့သော မိဘများ၏ စကားကို မနာယူဘဲ ဆိုးချင်တိုင်း ဆိုးခဲ့လေသည်။ လွန်ခဲ့သည့် နှစ်၂၀က မိဘများဆုံးပါးသွားသည့်အခါ ဟီလ်တန်အဖို့ အကွပ်မဲ့ကြမ်းပမာ ဖြစ်သွားတော့သည်။ ပြောဆိုဆုံးမမည့်သူ မရှိတော့သဖြင့် ဟီလ်တန်အဖို့ ပိုမိုလွတ်လပ်သွားကာ ထင်တိုင်းကြဲတော့သည်။

ပေါ့ပေါ့တန်တန်နေထိုင်ခဲ့

ဟီလ်တန်သည် ငယ်စဉ်ကတည်းက ပညာကိုကောင်းစွာ မသင်ယူခဲ့သောကြောင့် သူ့ကိုယ်သူ ထိန်းသိမ်းကွပ်ကဲမှု မလုပ်နိုင်သလို ရှေ့နောက် ကျိုးကြောင်း ဆက်စပ်

ဆင်ခြင်နိုင်မှု အားနည်းလေသည်။ သူ့အနေဖြင့် ပြစ်မှုကြီးများကို မကျူးလွန်မိသော်လည်း အသေးအဖွဲများကို မကြာခဏ ကျူးလွန်ခဲ့မိသည်။ ယင်းမှ တစ်ဆင့် ရာဇဝတ်မှုကြီးများ ကျူးလွန်မိတတ်မှန်းတော့ သူသိသည်။ ထို့ကြောင့် ယင်းဒုစရိုက်များကို ရှောင်ကြဉ်ရန် အချိန်မီ ထိန်းသိမ်းခဲ့သေးသည်။ ဘဝတစ်လျှောက်လုံး ပေါ့ပေါ့တန်တန်နေထိုင်ခဲ့သူ ဟီလ်တန်အဖို့ ငွေရလိုမှုဆန္ဒတစ်ခုကြောင့် သူရှောင်ရှားရန် ကြိုးစားခဲ့သော ရာဇဝတ်မှုကြီးကို မထင်မှတ်ဘဲ ကျူးလွန်မိတော့သည်။ ထိုအချိန်မှစ၍ သူ့ဘဝတွင် စိုးရိမ်ထိတ်လန့် ကြောက်ရွံ့မှုများဖြင့် အတိုင်းအဆမရှိ ခံစားခဲ့ရသည်။ အချိန်မီ ပြုပြင်နေထိုင်ခဲ့လျှင်ဟူသော သူ၏ နောင်တက အသူတရာမျှ နက်သော ချောက်ထဲသို့ ထိုးကျသွားမှုကို မကယ်တင်နိုင်တော့ပေ။ အတိတ်ကို မေ့ထား ချင်ပေမယ့် တုန်လှုပ် ချောက်ချားဖွယ်ကောင်းသော အတိတ်က ဟီလ်တန်အား ထမင်းလုံး တစ္ဆေနှယ်ခြောက်လှန့် နေပြန်တော့သည်။

နစ်မြောနေမိ

ထိုနေ့ကား ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက် နံနက်စောစောဖြစ်ပြီး နှစ်သစ်ကူးပွဲ ဆင်နွှဲကြသည့်နေ့ ဖြစ်သည်။ ဒေါ်ဆန်ဗီလီမြို့ ပတ်ဝန်းကျင်သည် တောင်တောင် စိမ့်စမ်းသဘာဝအလှအပများဖြင့် ပြည့်လျှမ်းနေရာ အပျော်ခြေကျင်ခရီး ထွက်သူတို့ မျက်စိကျစရာ ဒေသဖြစ်သည်။ ဟီလ်တန်လည်း ယင်းနေ့ နံနက်စောစောက လမ်းလျှောက်ရင်း လတ်ဆတ်သောလေကို ရှူရှိုက်ကာ ပတ်ဝန်းကျင် သဘာဝအလှအပတွင် နစ်မျောနေမိသည်။

ထိုအချိန်တွင် သူရှိရာဘက်သို့ ဦးတည်လျက် လမ်းလျှောက်လာသော အသက်၂၅နှစ် ဝန်းကျင်ခန့်ရှိ မိန်းကလေးတစ်ဦးကို တွေ့ရသည်။ သူ့အနီးရောက်တော့မှ ထိုအမျိုးသမီးကလေးသည် သူတို့မြို့မှမဟုတ်ဘဲ မလှမ်းမကမ်းမြို့မှ ဖြစ်မှန်း သတိထားမိသည်။ ထိုအမျိုးသမီးကို မကြာခဏ တွေ့ရတတ်၍ အပျော်ခြေကျင်ခရီးထွက် ဝါသနာပါမှန်း သတိထားလိုက်မိသည်။

သည်တစ်ခါနောက်ဆုံးပဲ

သူကြည့်နေတုန်းမှာပင် ယင်းအမျိုးသမီးသည် သူ့နားမှ ဖြတ်သွားကာ တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီး အမျိုးသမီးကို ကြည့်ရသည်မှာ ငွေကြေးပြည့်စုံသည့် မိဘများမှ မွေးဖွားသူတစ်ဦးဖြစ်မှန်း သိသာသည်။ သူ့တွင် လမ်းခရီးတွင် သုံးရန် ငွေကြေး အလုံအလောက်ပါမည်မှာ မလွဲဟု တွေးမိသည့်ခဏ၌ ဟီလ်တန်၏ စိတ်ထဲတွင် ဒုစရိုက်စိတ်က ခေါင်းပြူလာပြန်သည်။ မကောင်းမှုကို မလုပ်တော့ဟု စိတ်ကိုဆုံးမလိုက်ပြန်သော်လည်း လက်ထဲတွင် ငွေအသုံးပြတ်နေသော ဟီလ်တန်အဖို့ ဒုစရိုက်အလုပ်ကို သည်တစ်ခါနောက်ဆုံးပဲဟု ဆုံးဖြတ်ကာ အမျိုးသမီးနောက်သို့ ပြေးလိုက်သွားတော့သည်။

ဝန်ခံခဲ့ရ

အမျိုးသမီးကို စမ်းချောင်းတစ်ခုနားတွင် တောတောင် သဘာဝအလှအပကို ငေးမောလျက်ရှိသည်ကို တွေ့ရသည်။ ဟီလ်တန်ကိုတွေ့စဉ် အမျိုးသမီး၏ မျက်နှာတွင် စိုးရိမ်ထိတ်လန့်မှုကို တွေ့လိုက်ရသည်။ ဟီလ်တန်က အမျိုးသမီးထံ၌ ပါလာသော ငွေများ ပေးရန်တောင်းဆိုခဲ့ရာ အမျိုးသမီး၏ ငြင်းဆန်မှုကြောင့် အကြမ်းဖက်လုယူရာ ငွေသားများနှင့်အတူ ဘဏ်ငွေထုတ်ကတ်ပြားကို ရရှိခဲ့ပြီး ထုတ်ယူရမည့် နံပါတ်ကိုလည်း အမျိုးသမီးထံမှ မေးမြန်းမှတ်သားခဲ့သည်။ ထို့နောက် အမျိုးသမီးကို နောက်ကြောင်းအေးရန် အစဖျောက်လိုက်တော့သည်။ ဆိတ်ကွယ်ရာ အရပ်တွင် ဖြစ်ပွားခဲ့သော်လည်း တစ်ခါမျှ ရာဇဝတ်မှုကြီးကို မကျူးလွန်ခဲ့ဖူးသူ ဟီလ်တန်မှာ ထိုအချိန်မှစ၍ မအိပ်နိုင်၊ မစားနိုင်ဘဲ တုန်လှုပ်ချောက်ချားခဲ့ရသည်။ ဟီလ်တန်သည် ဟန်မပျက် သိုသိပ်စွာ နေထိုင်ခဲ့သည်။ သို့သော်လည်း ငွေရေးကြေးရေး အခက်အခဲကြောင့် အခင်းဖြစ်ပြီး နှစ်ရက်အကြာ ဇန်နဝါရီ ၃ရက်တွင် ငွေထုတ်ကတ်ဖြင့် သွားရောက် ငွေထုတ်ယူရာမှ အမျိုးသမီး တမင်လွှဲပြောလိုက်သော နံပါတ်များကြောင့် ရဲအဖွဲ့က ဟီလ်တန်ကို ခြေရာခံမိတော့သည်။ ထိုအခါမှ အစဖျောက်ခဲ့သော အမျိုးသမီးမှာ မီရီဒစ်သ် အီမာဆင်ဖြစ်ကြောင်း ဟီလ်တန် သိခဲ့ရပြီး သူ့အပြစ်ကို ဝန်ခံခဲ့ရတော့သည်။

လျှော့ရက်မရှိ

၂၀၀၇ခုနှစ် အောက်တိုဘာလက မြောက်ကာရိုလိုင်းနားပြည်နယ် အနောက်ပိုင်းမှ အပျော်ခြေကျင်ခရီး ထွက်သူအသက်၈၀ရှိ အမျိုးသား ဂျွန်နှင့် အသက်၈၄နှစ်ရှိ အိုင်ရီနီဘီယန်တို့ဇနီးမောင်နှံ အသတ်ခံရမှု၊ ဖလော်ရီဒါပြည်နယ်မှ လူသတ်မှုနှစ်ခုတို့နှင့် ပတ်သက်၍လည်း ရဲအဖွဲ့က ဟီလ်တန်ကို မသင်္ကာဖြစ်ခဲ့သည်။ အီမာဆင်ကို သတ်မှုဖြင့် ဟီလ်တန်ကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။ နှစ်၃၀အထိ လျှော့ရက်မရှိ ကျခံရမည်ဖြစ်သည်။

ဤဖြစ်ရပ်တွင် မိဘစကားနားမထောင်ခဲ့သူ ဟီလ်တန်အနေဖြင့် ထင်ရာစိုင်းပြီး လောဘအလိုကိုလိုက်ခဲ့မှုကြောင့် ရင်ထဲတွင် သောကရာသီအဖြစ် တစ်သက်တာ ပေးဆပ်ရမည့် အရေးကား ရင်လေးစရာ၊ သတိပြုဆင်ခြင်ဖွယ်ရာဖြစ်ကြောင်း မှုခင်းဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါသည်။ ။

ဆိတ်ကွယ်ရာအရပ်တွင် ဖြစ်ပွားခဲ့သော်လည်း တစ်ခါမျှ ရာဇဝတ်မှုကြီးကို မကျူးလွန်ခဲ့ဖူးသူ ဟီလ်တန်မှာ ထိုအချိန်မှစ၍ မအိပ်နိုင်၊ မစားနိုင်ဘဲ တုန်လှုပ်ချောက်ချားခဲ့ရ။



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၂-၂-၂၀၀၈

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးထပ်မံဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အနောက်ဘက် ကူတီးရားခရိုင်ရှိ ကြက်မွေးမြူရေးခြံတစ်ခု၌ ကြက်ငှက်တုပ်ကွေးထပ်မံဖြစ်ပွားကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

အဆိုပါကြက်ခြံမှ ကြက်ကောင်ရေ ၁၁၀၀၀ ကို သုတ်သင်ရှင်းလင်းခဲ့ပြီး ကူတီးရားခရိုင်အတွင်း ကြက်ငှက်တုပ်ကွေးသတိပေးချက်များ ထုတ်ပြန်ထားသည်။

အာဖရိကသမဂ္ဂအကြီးအကဲ ဂျန်ပင်းအားရွေးချယ်

အာဖရိကသမဂ္ဂ(အေယူ)၏အကြီးအကဲသစ်အဖြစ် ဂါဘွန်နိုင်ငံမှ မစ္စတာဂျန်ပင်းအား ရွေးချယ်တင်မြှောက်လိုက်သည်။

အီသီယိုးပီးယားနိုင်ငံ အဒစ်ဘာဘာမြို့၌ အေယူအဖွဲ့ဝင် ၅၃ နိုင်ငံမှ ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြစ်သည်။ မစ္စတာ ဂျန်ပင်းသည် ဂါဘွန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သည်။

တစ်နေ့ရေနံစည်သုံးသိန်းထွက်မည့် ရေနံချက်စက်ရုံ အီကွေဒေါနှင့်ဗင်နီဇွဲလားတို့ တည်ဆောက်မည်

အီကွေဒေါနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံတို့သည် အီကွေဒေါနိုင်ငံတွင် အလွန်ကြီးမားသော ရေနံချက်စက်ရုံကြီးတည်ဆောက်ရန် သဘောတူညီလိုက်ကြသည်။

အဆိုပါစက်ရုံကို အီကွေဒေါနိုင်ငံ မာနာဘီပြည်နယ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး တစ်နေ့လျှင် ရေနံစည် ၃၀၀၀၀၀ ထုတ်လုပ်ပေးနိုင်မည်ဟု အီကွေဒေါအရာရှိများက ပြောကြားသည်။

ယာဉ်တိုက်မှုနည်းရန် စင်ကာပူ၌ စီးရေလျှော့မည်

စင်ကာပူနိုင်ငံသည် မော်တော်ယာဉ် မတော်တဆဖြစ်မှုများ လျော့ကျစေရန်အတွက် မော်တော်ယာဉ် အရေအတွက်ကို လျှော့ချသွားမည်ဖြစ်ကြောင်း စင်ကာပူဆက်သွယ်ရေးဝန်ကြီး ရေမွန်လင်းက ပြောကြားသည်။

စင်ကာပူနိုင်ငံတွင် လက်ရှိမော်တော်ယာဉ်အရေအတွက်ကို ယခုနှစ်၌ ၃ ရာခိုင်နှုန်းလျှော့ချပြီး လာမည့် ၂၀၀၉ခုနှစ်၌ ၁ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချသွားမည်ဟု ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှား၌ရေလွှမ်းမှုနှင့် မြေပြိုမှုကြောင့် ၁၂ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် သေဆုံးသူ ၁၂ဦးအထိရှိလာကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ဂျကာတာမြို့ အစိတ်အပိုင်း အများအပြားများတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုနှင့်မြေပြိုမှုများကြောင့် မော်တော်ကားသွားလာမှုများ ရပ်ဆိုင်းကာ လေယာဉ်ခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်နေကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသဆိုင်ရာ အရာရှိများက ပြောကြားသည်။

ထိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်သူတစ်ဦးတွေ့ရှိ

ထိုင်းနိုင်ငံမြောက်ပိုင်း ဖီချစ်ပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသူတစ်ဦးကို စစ်ဆေးတွေ့ရှိရကြောင်း ထိုင်းကျန်းမာရေးအရာရှိများက ပြောကြားသည်။

ဆရာဝန်များ၏ စစ်ဆေးမှုအရ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည်ဟု အတည်ပြုနိုင်ခဲ့ရာ ယခုနှစ်၌ ထိုင်းနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်ဖြစ်ပွားမှုမှာ နှစ်ဦးရှိပြီဖြစ်သည်။

ဂျာမနီစစ်သင်္ဘော တောင်အာဖရိကသို့လွှဲပြောင်းပေးမည်

တောင်အာဖရိကရေတပ်အတွက် စစ်သင်္ဘောတစ်စင်းကို ဂျာမနီနိုင်ငံက လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ဂျာမနီအရာရှိများက ပြောကြားသည်။

အက်စ်အေအက်စ်ကွင်းမိုဂျက်ဒီအမည်ရှိ စစ်သင်္ဘောကို တောင်အာဖရိကနိုင်ငံသို့ပေးပို့ရန် ဂျာမနီက လာမည့် ဧပြီ ၂ ရက်တွင် စတင်ကာထွက်ခွာမည်ဖြစ်သည်။ ထိုသင်္ဘောသည် ဂျာမနီမှ တောင်အာဖရိကသို့ပေးပို့သည့် တတိယမြောက်သင်္ဘောဖြစ်သည်။

ဗီယက်နမ် ရေနံထုတ်လုပ်တင်ပို့မှုတိုးတက်

ဗီယက်နမ်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုပမာဏသည် ၂၀၀၇ခုနှစ် ဇန်နဝါရီက ၄၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဗီယက်နမ်ဗဟိုစာရင်းအင်းရုံးက သတင်းထုတ်ပြန်လိုက်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ရေနံစိမ်းတင်ပို့မှုမှာ တရုတ်၊စင်ကာပူ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိသည်။

အာမေးနီးယား သမ္မတနိုင်ငံ

သတင်းအက်ဆေး
တိုး-ရေးသားသည်

အာမေးနီးယားသမ္မတနိုင်ငံသည် အနောက်တောင်အာရှဒေသမှ ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အနောက်ဘက်တွင် တူရကီ၊ မြောက်ဘက်တွင် ဂျော်ဂျီယာ၊ အရှေ့ဘက်တွင် အဇာဘိုင်ဂျန်နှင့် တောင်ဘက်တွင် အီရန်နိုင်ငံတို့တည်ရှိသည်။ အာမေးနီးယားသမ္မတနိုင်ငံ၌ မြင့်မားသော တောင်များနှင့် ဂူများ၊ ရေအိုင်များနှင့် ရေပူစမ်းများကြောင့် ရင်သပ်ရှုမောဖွယ်ရှုခင်းအလှဖြင့် ပြည့်လျှံနေသည်။ ပိုးလမ်းမကြီးတစ်လျှောက်တွင် တည်ရှိသည့်အတွက်လည်း နိုင်ငံ့သမိုင်းတစ်လျှောက်လုံး ဧကရာဇ်အတော်များများ၏ အင်ပါယာနယ်ပယ်အတွင်း ကျရောက်ပြီး များစွာသော ယဉ်ကျေးမှုသြဇာလွှမ်းမိုးမှုများနှင့် ကြုံခဲ့ရသည်။

အာမေးနီးယားပါလီမန် အဆောက်အအုံကို တွေ့ရစဉ်။ (အင်တာနက်-ဓာတ်ပုံ)

သက်ာမကင်း

၁၉၁၅ ခုနှစ်မှ ၁၉၁၇ ခုနှစ်အတွင်း ဆိုဗီယက်လိုလားသူများကို အာမေးနီးယန်းတို့က လက်သင့်ခံထားသည်ဟု အော်တိုမန်အစိုးရက သက်ာမကင်းဖြစ်သဖြင့် သူတို့မွေးရပ်ဌာနေ အနာတိုလီယာမှ အာမေးနီးယား ၆၀၀၀၀၀ နှင့် ၁၅၀၀၀၀၀ အကြားကို ယနေ့ ဆီးရီးယားနိုင်ငံ တည်ရှိရာသို့ မောင်းထုတ်ခြင်း သို့မဟုတ် အစုအပြုံလိုက်သတ်ဖြတ်ခြင်းများကို ကျူးလွန်ခဲ့သည်။

၁၉၁၆ခုနှစ်တွင် ဇာဘုရင်အုပ်စိုးသည့် ရုရှားက အာမေးနီးယားနိုင်ငံကို အောင်နိုင်သည်။ အာမေးနီးယားနိုင်ငံက ဂျော်ဂျီယာ၊ အဇာဘိုင်ဂျန်တို့နှင့် မဟာမိတ်ဖွဲ့လိုက်သည်။ ၁၉၁၈ ခုနှစ်တွင် အာမေးနီးယားနိုင်ငံသည် လွတ်လပ်သည့် သမ္မတနိုင်ငံဖြစ်လာသည်။ ၁၉၂၀ ပြည့်နှစ်တွင် အာမေးနီးယားကို တူရကီနှင့် ရုရှားဘော်လ်ရှီဗစ်တပ်များက ကျူးကျော်ဝင်ရောက်သည်။ ဘော်လ်ရှီဗစ်တို့နှင့် နားလည်မှုရရှိပြီး အာမေးနီးယားဆိုရှယ်လစ်သမ္မတနိုင်ငံဟု ကြေညာခဲ့သည်။ ၁၉၂၂ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု(ယူအက်စ်အက်စ်အာရ်)တို့ ပူးပေါင်းလိုက်သည်။

ရုံဖန်ရံခါ

၁၉၈၈ခုနှစ်တွင် ဂလပ်စ်နော့ခေါ် ပွင့်လင်းမှုဝါဒကို လက်ကိုင်ပြုလျက် အိမ်နီးချင်း အဇာဘိုင်ဂျန်သမ္မတနိုင်ငံအတွင်းရှိ အာမေးနီးယန်းအများစုနေထိုင်ရာ နာဂေါနို-ကာရာဘက်ရှ်ဒေသကို အာမေးနီးယားနိုင်ငံနှင့်ပူးပေါင်းရေး အာမေးနီးယား ခေါင်းဆောင်များက စတင်လှုံ့ဆော်သည်။ ၁၉၈၈ခုနှစ်ဒီဇင်ဘာတွင် အာမေးနီးယားနိုင်ငံမြောက်ပိုင်း၌ မြေငလျင်လှုပ်သဖြင့် ၂၅၀၀၀ သေဆုံးပြီး ထောင်ပေါင်းများစွာသော ပြည်သူတို့ အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။ ထို့ပြင် မက်ဆာမော နျူကလီးယားစက်ရုံကို ပိတ်လိုက်ရသည်။ ၁၉၉၅ ခုနှစ်ရောက်မှ စီးပွားရေးအရ ထိုနျူကလီးယားစက်ရုံကို ပြန်ဖွင့်သည်။ နာဂေါနို-ကာရာဘက်ရှ် ပဋိပက္ခသည် ငါးနှစ်လုံးလုံး ရုံဖန်ရံခါ ခေါင်းထောင်လာသည်။ အဇာရီနိုင်ငံသား အများအပြားမှာလည်း အိုးအိမ်စွန့်ခွာသွားကြသည်များရှိသည်။

၁၉၉၀ ပြည့်နှစ်တွင် အာမေးနီးယန်းမျိုးချစ်များက ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရပြီး လွတ်လပ်ရေးကြေညာသည်။ သို့သော် ရုရှားအစိုးရက လျစ်လျူရှုနေသည်။ ၁၉၉၁ ခုနှစ် စက်တင်ဘာလတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသည်။ ဆိုဗီယက်ပြည်ထောင်စုမှခွဲထွက်ရေးကို ပြည်သူ ၉၄ ရာခိုင်နှုန်းက ထောက်ခံမဲပေးကြသည်။ ၁၉၉၁ခုနှစ် အောက်တိုဘာလတွင် လေဗွန်တာပက်ထရော့ဆီယံကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၉၁ခုနှစ် ဒီဇင်ဘာလတွင် အာမေးနီးယားသမ္မတနိုင်ငံက လွတ်လပ်သော နိုင်ငံများ၏ ဓနသဟာယအဖွဲ့(စီအိုင်အက်စ်)သို့ ဝင်ရောက်သည်။ ၁၉၉၂ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ၂၀၀၁ခုနှစ် ဇန်နဝါရီတွင် ဥရောပကောင်စီ၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီတွင် နိုင်ငံသားဖြစ်သူ ကတ်နှစ်မျိုးကိုင်ဆောင်ခွင့် ဥပဒေကို အာမေးနီးယားပါလီမန်က အတည်ပြုပေးလိုက်သည်။ အလုပ်လက်မဲ့နှုန်းမြင့်မားပြီး ဆင်းရဲမွဲတေမှု နေရာအနှံ့ ကြုံတွေ့နေရသည့်အထဲ နာဂေါနို-ကာရာဘက်ရှ်အရေးကြောင့် အိမ်နီးချင်း တူရကီနှင့် အဇာဘိုင်ဂျန်တို့က ကုန်သွယ်ရေးပိတ်ဆို့မှုများပြုလုပ်ခြင်းကြောင့် စီးပွားရေးပြဿနာ ပိုကြီးသွားစေသည်။ လူဦးရေသုံးသန်းရှိသည့် အာမေးနီးယားသမ္မတနိုင်ငံမှာ လွတ်လပ်ရေးရကတည်းက ပြည်ပသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်ကြမှုကြောင့် လူဦးရေ ထက်ဝက်မျှလျော့နည်းသွားသည်။ ထိုအခြေအနေကို ထိန်းသိမ်းရန် နိုင်ငံသားဖြစ်သူ ကတ်နှစ်မျိုးကိုင်ဆောင်ခွင့်ပေးရခြင်းဖြစ်သည်။ အာမေးနီးယားသမ္မတနိုင်ငံတွင် ရှေးဦးစွာ အခြေချအနည်ထိုင်သည့် ယဉ်ကျေးမှုမှာ ခရစ်ယာန်ယဉ်ကျေးမှုပင်ဖြစ်သည်။ ၄ရာစုနှစ်က ပထမဆုံးသော ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကို တည်ထောင်ခဲ့သည်။ ထို့နောက် ရာစုနှစ်ပေါင်းများစွာ တူရကီလက်အောက်သို့မဟုတ် ပါရှားထိန်းချုပ်မှုအောက်သို့ ရောက်ရှိပြန်သည်။ ထိုအခါတွင် ယင်းတို့၏ ကြွယ်ဝသော ယဉ်ကျေးမှုနှင့် ဗိသုကာလက်ရာအမွေအနှစ်များရရှိကာ မတူသည့် အစဉ်အလာထုံးစံလေ့များနှင့်ပေါင်းစပ်သွားသည်။ အာမေးနီးယားဘာသာစကားသည် အင်ဒို-ဥရောပမိသားစုဘာသာစကား၏ အစိတ်အပိုင်းဖြစ်သည်။ သို့သော် အက္ခရာမှာမူ တစ်မူထူးခြားနေသည်ကို တွေ့ရသည်။ ။

ကိုးကား-အင်တာနက်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **ကနေဒါနိုင်ငံ နယူးဖောင်လန်ပြည်နယ် ကမ်းလွန်တွင် ဖေဖော်ဝါရီ ၂ရက်က သင်္ဘောငယ်တစ်စင်းနစ်မြုပ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်။**

❖ အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ် အနောက်မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၁ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ ခြောက်ဦးသေဆုံးခဲ့သည်။

■ **ဘိုလီးဗီးယားနိုင်ငံ ထရီနီဒက်မြို့အနီးတွင် ဖေဖော်ဝါရီ ၂ ရက်က ခရီးသည် ၁၅၀ တင်ဆောင်လာသော ဘိုးရင်း-၇၂၇ လေယာဉ်တစ်စင်း မုန်တိုင်းမိ၍ အရေးပေါ်ထိုးဆင်းခဲ့ရာ ခရီးသည်အချို့ ဒဏ်ရာရရှိခဲ့သော်လည်း အားလုံးကယ်ဆယ်နိုင်ခဲ့သည်။**

❖ ကနေဒါနိုင်ငံ အွန်တာရီရိုနှင့် ကွီဘက်ပြည်နယ်များ၌ ဖေဖော်ဝါရီ ၁ ရက်က နှင်းမုန်တိုင်းများတိုက်ခတ်ပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့မှုကြောင့် ယာဉ်တိုက်မှု ၁၀၀ကျော်ဖြစ်ပွားပြီး ၁၅ဦးသေဆုံးကာ ၂၀ကျော် ဒဏ်ရာရရှိခဲ့သည်။

■ **အာဂျင်တီးနားနိုင်ငံ ဆယ်လ်တာပြည်နယ်မြောက်ပိုင်း ရီဗာဒါဗီးရားမြို့၌ ဖေဖော်ဝါရီ ၁ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူ ၁၈၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရသည်။**

❖ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ အနောက်ဘက် မိုင် ၁၅၀ ခန့်အကွာ ကျေးရွာတစ်ရွာအနီးတွင် ဖေဖော်ဝါရီ ၁ ရက်က အရှည်ငါးပေကျော်ရှိသော မိကျောင်းတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကိုတွေ့ရှိခဲ့ရာ အဆိုပါမိကျောင်းသည် လွန်ခဲ့သည့် နှစ်သန်း ၈၀ခန့်က ရှင်သန်ကျက်စားခဲ့သော မိကျောင်းတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

■ **ဟန်ဂေရီနိုင်ငံအလယ်ပိုင်း တိုရိုဇင့်မစ်လော့စ်မြို့နှင့် အိုဘာလာမြို့အကြား၌ ဖေဖော်ဝါရီ ၂ရက်က စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။** (အပေါ်ပုံ)

❖ ပါကစ္စတန်နိုင်ငံစစ်ဘက်က ဖေဖော်ဝါရီ၁ရက်၌ တာဝေးပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်သည်။ ထိုဒုံးကျည်သည် တာဝေးပစ်ဒုံးကျည်အမျိုးအစားဖြစ်ပြီး သီတင်းတစ်ပတ်အတွင်း ဒုတိယအကြိမ် စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်သည်။

ဘဝဒဿနအမြင်

✻ ***Knowledge is power.***
ဗဟုသုတပြည့်ဝခြင်းသည် စွမ်းအားတစ်ရပ်ဖြစ်သည်။

ဆာဖရန်စစ်ဘေကွန်
(အတွေးအခေါ်ပညာရှင်)

✻ ***The wisest men follow their own direction.***
မိမိကိုယ်သာ ကိုးကွယ်ရာ။

ယူရီပီဒက်စ်
(ဂရိပြဇာတ်ရေးဆရာ)

ဘဝအမောပြေ

သူခိုး ဆိုတာ....

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် ညသန်းခေါင်အချိန်၌ အိမ်တစ်အိမ်မှ ပစ္စည်းများခိုးလာသော သူခိုးတစ်ယောက်သည် တစ်နေရာ၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် မမျှော်လင့်ဘဲ ပက်ပင်းတိုးရာ-

ရဲ - ဟေ့လူ.... ဒီကိုလာဦး။
သူခိုး - ဟုတ်ကဲ့။
ရဲ - ဘယ်က လာတာလဲ။
သူခိုး - ဆရာ့ဆီကို တမင်သက်သက် လာတာပါ။
ရဲ - ဟေ.... ဘာဖြစ်လို့လဲ။
သူခိုး - ဟို.... အိမ်က ဆရာကို ဒီပစ္စည်းတွေ ပေးခိုင်းလိုက်လို့ပါ။
ရဲ - ဘာတွေလဲ။
သူခိုး - ရော့ဆရာ.... ကျွန်တော်သွားတော့မယ်။
ရဲ - အေး.. အေး.... ကောင်းကောင်းသွား။

● **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရင်ပြင်အမိုးပေါ်ရှိ ထပ်ပိုးလွှာခင်းထားမှုများ၊ ပြုပြင်ဆောင်ရွက်ရန်ရှိသည်များကို ကြည့်ရှုစစ်ဆေးပြီး အောင်မြေသာစံမြို့နယ် အမှတ်(၁၂)လမ်းမှ အိုးဘိုအထိ အရှည်ပေ ၅၆၃၀၊ အကျယ်ပေ ၂၀ရှိသည့် အမှတ် ၇၆ လမ်းအား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသော မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် ကွန်ပျူတာပညာရှင်များအသင်း၏ ဆဋ္ဌမအကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မန္တလေးတိုင်း၏ ဆဋ္ဌမအကြိမ်မြောက် ကွန်ပျူတာသတင်းအချက်အလက်နှင့် နည်းပညာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်းရှိ ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ခင်းကျင်းပြသ

မန္တလေးတိုင်း၏ ဆဋ္ဌမအကြိမ် ကွန်ပျူတာသတင်းအချက်အလက်နှင့် နည်းပညာပြပွဲတွင် IT နည်းပညာ ကုမ္ပဏီ ၄၀ မှ ပြခန်းပေါင်း ၅၄ ခန်းဖြင့် ခင်းကျင်းပြသထားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့အနီးရှိ စည်တီးကျေးရွာအုပ်စု၏ နွေစပါးဧက၅၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ စစ်ကိုင်းတိုင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စုရှိ ကွင်းပေါင်း၁၈ကွင်းမှ စိုက်ပျိုးမြေဧရိယာ၆၆၉၅ဧကတွင် မိုးစပါး ၁၆၂၆ ဧက၊ နွေစပါး၆၃၂ဧက စုစုပေါင်း ၁၆၆၇၈ဧက စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ဆင်တပ် လျှပ်စစ်မြင်ရေတင်စီမံကိန်း PS-2(ဒုတိယအဆင့်)ပင်မမြောင်း တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာအုပ်စု၏ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ခင်းရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံ တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၇၉/၄)အနီးရှိ မုံရွာမြို့နယ် မအူကျေးရွာအုပ်စု တောင်သူဦးကျော်မြင့်၏ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ခင်းသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ အောင်မြင်ဖြစ်ထွန်းနေသည့် ဝါစိုက်ခင်းများကိုလည်းကောင်း၊ ခင်းကျင်းပြသထားသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါဂွမ်းနှင့် မျိုးစေ့များကိုလည်းကောင်း၊ ငွေချည်(၄)ချည်မျှင်ရှည်ဝါဂွမ်းနှင့် မျိုးစေ့များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✽ **ကျောဖုံးမှ**

အဆိုပါ ကဘင်းရေလှောင်တမံ စီမံကိန်းကို မြိတ်မြို့သစ်အတွက် တည်ဆောက်နေခြင်းဖြစ်ပြီး တမံအလျားပေ ၄၇၀၊ တမံအမြင့် ၄၅ ပေရှိ မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၁၆၇ ဧကပေနှင့် ရေသောက်ဧရိယာ ၇ ဧကပေ ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့သစ်တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားပြီး မြိတ်မြို့သစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ်စီမံကိန်းရှိ ကြိုင်လင်းအောင် ဆိပ်ခံတံတား၌ ပင်လယ်ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလှေများ ဆိုက်ကပ်နေမှု၊ အဏ္ဏဝါစိုးကုမ္ပဏီ၏ နှစ်ထပ်လုံးချင်းအိမ်ရာများ တည်ဆောက်နေမှုနှင့် ဆိပ်ခံတံတားတည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ဖိုးလမင်းကုမ္ပဏီ ဆိပ်ခံတံတားနှင့် ဦးကျောက်စိမ်းဆိပ်ခံတံတားများ၌ တန်၇၀၀ဆံ့ သင်္ဘောများ ဆိုက်ကပ်ဝင်ရောက်နေမှုနှင့် ကုန်တင်ကုန်ချဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယုနိုက်တက်မြိတ်ကုမ္ပဏီလီမိတက်၏ ကပေါင်း(ခေါ်) ကကတစ်ငါးများမွေးမြူရေးလုပ်ငန်းသို့ရောက်ရှိကြပြီး ရေပြင်အတွင်း ပိုက်ချ၍ လှောင်အိမ်စနစ်ဖြင့် မွေးမြူထားရှိမှု၊ ငါးအသားလွှာနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းအတွင်းရှိ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေဒူးကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆီအုန်းအသုံးချသုတေသနသို့ရောက်ရှိကြပြီး ဆီအုန်း သုတေသနစိုက်ခင်းအတွင်း ဝတ်မှုန်ကူးသရုပ်ပြသမှု၊ ဆီအုန်း မျိုးကွဲများအလိုက် ဆီသီး အသီး သီးနှုန်း၊ ဆီကြမ်းထွက်ရှိမှုနှုန်း နှိုင်းယှဉ် သုတေသနပြုစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေဒူးကျေးရွာအနီးရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာတက္ကသိုလ် (မြိတ်)သို့ရောက်ရှိကြပြီး တာဝန်ရှိသူများအား ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ်လမ်းအမှတ်(၁)လမ်းတစ်လျှောက် လမ်းဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်တို့က အိမ်မွေးတိရစ္ဆာန် ပြပွဲနှင့် ပြိုင်ပွဲ ၂၀၀၈ ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အိမ်မွေးတိရစ္ဆာန်များ၊ ပြိုင်ပွဲဝင် အိမ်မွေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိရစ္ဆာန်များနှင့် တိရစ္ဆာန်ကာကွယ်ဆေး အရောင်းပြခန်းများ၊ စားသောက်ဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို ယနေ့မှ ဖေဖော်ဝါရီ၃ ရက်အထိ ပြသသွားမည်ဖြစ်သည်။ ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို) ၏ အဋ္ဌမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို သီရိအဏ္ဏဝါခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းကလည်း အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)သို့ စေတနာရှင်၊ အလှူရှင်များက စုစုပေါင်း ငွေကျပ်၄၆သိန်းကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က လက်ခံကြသည်။

ဆက်လက်ကျင်းပ

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ အဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**

သတ္တမအကြိမ် ရွှေညဝါသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း သာစုပရိယတ္တိစာသင်တိုက်အတွင်း၌ သတ္တမအကြိမ် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါ ဆရာဖြစ်သင်တန်းကြီးကို လာမည့် ဧပြီ ၂၄ ရက်မှ ဇွန် ၃ ရက်အထိ ရက်ပေါင်း ၄၀ တိုင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ အတွင်းသင်တန်းသားအဖြစ် တက်ရောက်လိုသော သံဃာတော်များအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ဖုန်း ၀၁-၅၁၀၅၆၆ သို့ဖြစ်စေ ဆက်သွယ်၍ တက်ရောက်ခွင့် လျှောက်လွှာပုံစံများကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားကာ ထုတ်ယူတောင်းခံနိုင်ကြောင်း သိရသည်။

(က-ပ)

ဗုဒ္ဓဝါဠုကစေတီတော် ဒေသစာရီကြွချီအပူဇော်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗုဒ္ဓဝါဠုကစေတီတော် (၂၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားဒေသစာရီ ကြွချီအပူဇော်ခံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် မွန်းလွဲ ၁နာရီက လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းထိပ် ဗုဒ္ဓဝါဠုကစေတီတော်ရင်ပြင်၌ကျင်းပရာ စေတီတော်ဥက္ကဋ္ဌ ဦးမြအောင်က နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ ဒေသစာရီ ကြွချီအပူဇော်ခံရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်ထံသို့ စေတီတော်နာယက ဦးစံလွင်က စေတီတော်ပုံတော်ကို မေတ္တာလက်ဆောင်အဖြစ် ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အပူဇော်ခံ

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်၊ စေတီတော်ပဓာနနာယက အဘိဓမ္မာတောင်သာ ဆေးပညာတက္ကသိုလ်မှ ဥက္ကဋ္ဌ သုခမိန်ဆရာကြည်နှင့် A.G.T.I အငြိမ်းစား ကျောင်းဆရာကြီး ဦးတင့်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ အစီအစဉ်အတိုင်း ဒေသစာရီကြွချီ၍ လှည့်လည်အပူဇော်ခံကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁) ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသော မောင်ရှိန်းသူဟန်အား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုလှတို့က ဆုချီးမြှင့်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၈(တနင်္ဂနွေနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**ရှိတာပေး မဝေးစေနဲ့** တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်)
၇:၄၅ - ၁:၄၅	Soccer Update
၈:၀၀ - ၂:၀၀	Sunday Talk [မျိုးမြတ်သူ၊ တက္ကသိုလ်ထွန်းနောင်]
၈:၅၅ - ၂:၅၅	လွင်မိုးခရီးသွားနေသည် (အပိုင်း-၂)
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅ - ၃:၃၅	ဖိတ်ခေါ်ချင်သည် တောင်စခန်းမြို့ဆီ
၉:၅၀ - ၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ - ၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀ - ၄:၀၀	နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၁၀:၁၅ - ၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ - ၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅ - ၄:၂၅	Activities in the City
၁၀:၄၅ - ၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅ - ၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၅ - ၅:၀၅	Euro Goals
၁၁:၂၅ - ၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ - ၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅ - ၅:၃၅	မြတ်ဗုဒ္ဓမဖျိုမ၏ အနှိုင်းမဲ့ရတနာ
၁၁:၅၅ - ၅:၅၅	၂၀၀၅ ခုနှစ် အကယ်ဒမီ ညမြင်ကွင်းများ (အသံဆု၊ တေးဂီတဆု၊ ဇာတ်ကားဆု၊ အမျိုးသား ဇာတ်ဆောင်ဆု)
၁၂:၃၅ - ၆:၃၅	နိုင်ငံတကာအနုပညာရေးရာ
၁၂:၅၅ - ၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ကွာတားဖိုင်နယ်ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Ghana-Nigeria	Euro Sport (Live)
၃:၀၀	Ivory Coast-Guinea	Euro Sport (Live)

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Newcastle-Middlesbrough	ESPN (Live)
၁၀:၂၅	Fulham-Aston Villa	ESPN (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Inter Milan-Empoli	5-Cartoon (Live)
၂:၀၀	Fiorentina-AC Milan	5-Cartoon (Live)

ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသမှုအောင်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သည့် ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသမှုအောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်းရှိမဏ္ဍပ်၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မျက်စိအခမဲ့ကုသပေးခဲ့သည့် ဆရာဝန်များကိုယ်စား ပါမောက္ခ ဒေါက်တာကံညွန့်က အခမဲ့မျက်စိခွဲစိတ်ကုသပေးမှု အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူငွေနှင့် ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံကြသည်။ ယင်းနောက် မျက်စိဝေဒနာရှင်တစ်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ဧည့်သည်များသည် မျက်စိခွဲစိတ်ကုသခဲ့သည့် ဝေဒနာရှင်များအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပူးပေါင်းပါဝင်

အဆိုပါ မျက်စိအခမဲ့ ကွင်းဆင်းစမ်းသပ် ခွဲစိတ်ကုသမှု လုပ်ငန်းကို ရန်ကုန်မြို့မှမျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာကံညွန့်၊ ပါမောက္ခဒေါက်တာမြအောင်နှင့် ဒေါက်တာသုဇာဟန် တို့က ဦးဆောင်၍ ဒေါက်တာနီလာသိန်း၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာတင်အေးခိုင်၊ ဒေါက်တာအေးမိုးထက်၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာရီလင်း၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာချောဝေလွင်၊ ဒေါက်တာမောင်မောင်မျိုးဝင်း၊ ဒေါက်တာမိုးအေးလတ်၊ သူနာပြုဆရာမခြောက်ဦးတို့နှင့် Alcon ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်တို့ပါဝင်ပြီး စစ်တွေမြို့မှ ပြည်နယ် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမိုးကျော်နှင့် ဆေးရုံဝန်ထမ်းများက ပူးပေါင်းပါဝင်ခဲ့ကြသည်။

လှူဒါန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ယင်းမျက်စိခွဲစိတ်မှုလုပ်ငန်းများကို ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ မျက်စိဝေဒနာရှင် ပြင်ပလူနာ ၅၁၂၀ နှင့် အတွင်းတိမ် လူနာ ၆၀၃ဦးတို့အား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြပြီး၊ ပါဝါမျက်မှန်၊ နေကာမျက်မှန်များကို ထောက်ပံ့ ပေးသည်။

အဆိုပါ အခမဲ့ မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အခြားလူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချို့ထွန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်နှင့် ဆေးရုံဝန်ထမ်းများက အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြပြီး ယင်းကုသမှုလုပ်ငန်းများအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်များကို Golden Wax Co.,Ltd. က လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်မှန်များ တပ်ဆင်လှူဒါန်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့ကြသည့် ဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြိတ်နှင့် ကော့သောင်းမြို့ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၉ရက်တွင် မြိတ်မြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ပင်စင်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ မြိတ်မြို့ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဘဏ္ဍာ/အခွန်)

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန အစည်းအဝေးခန်းမ၌ နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းအဖွဲ့ ဝန်ထမ်းများအား လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ရေလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား လည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၃၀ရက်တွင် ကော့သောင်းမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်များသို့ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းအဖွဲ့ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ကော့သောင်းမြို့ ဆိပ်ကမ်း တံတားများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရေလုပ်ငန်း ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားညွှန်ကြား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းတိုက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော စကားလှဘုရားကြီး၏ ပွဲတော်အကြိုပွဲအဖြစ် စကားလှကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးဓမ္မပါလ၏ စီစဉ်ညွှန်ကြားမှုဖြင့် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးအနောပမ က ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးဝိပဿနာလုပ်ငန်းစဉ်များကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဗုဒ္ဓအလိုတော်ကျ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင် တရားအားထုတ်လိုကြသော ယောဂီသူတော်စင်များသည် ၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက် (ဖေဖော်ဝါရီ ၄ရက်) ညနေအရောက် စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

တပို့တွဲလဆန်း ၆ရက်မှစ၍ မြောက်စည်းရွာ၌လည်းကောင်း၊ တပို့တွဲလဆန်း ၁၄ရက်တွင် ထောက်ကြန့်ရွာ၌လည်းကောင်း ဆရာတော်၏တရားစခန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သရေရလဒ်ကို လက်ခံရသော မန်ယူနှင့် ချယ်လ်ဆီး ပရီမီယာလိဂ်ဇယားထိပ်သို့ရောက်လာသော အာကြီး

သတင်းမြင်ကွင်း – မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၂

ပရီမီယာလိဂ်ပွဲစဉ်(၂၅)ကို ဖေဖော်ဝါရီ ၂ရက်မှာ ဆက်လက်ယှဉ်ပြိုင်တဲ့အခါ ပရီမီယာလိဂ်ရဲ့ အစဉ်အလာအတိုင်း မထင်မှတ်တဲ့ရလဒ်တွေထွက်ပေါ်ခဲ့ပြန်ပါတယ်။ မန်စီးတီးနဲ့ အာကြီးတို့ပွဲမှာ အာကြီးတို့က သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ယူပြီး မန်စီးတီးရဲ့ ဒီနှစ်ပရီမီယာလိဂ် အိမ်ကွင်းရှုံးပွဲမရှိစံချိန်ကို ချိုးဖျက်နိုင်ခဲ့ပါတယ်။ စပါးနဲ့ မန်ယူတို့ပွဲမှာလည်း မန်ယူတို့ နောက်ကျဂိုးနဲ့ စပါးကို တစ်ဂိုးစီသရေကစားနိုင်ခဲ့သလို ပို့စ်မောက်နဲ့ ချယ်လ်ဆီးတို့ပွဲကလည်း တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးတွေရဲ့ အနေအထားက သည်းထိတ်ရင်ဖိုရှိနေဆဲပါပဲ။

ကြိုတင်ခန့်မှန်း တွက်ချက်မရတဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေဟာ ပွဲချိန်နောက်ဆုံးစက္ကန့်အထိ အနိုင်အရှုံးကို ဘယ်လိုမှ အပြတ်ပြောလို့မရတာကို စပါးနဲ့ မန်ယူတို့ပွဲက သက်သေပြခဲ့ပြန်ပြီဖြစ်ပါတယ်။ ဒီပွဲမှာ စပါးဟာ အိမ်ကွင်း ခြေစွာတာ မုန်ပေမယ့် မန်ယူကို ထင်ကြေးပေးခဲ့တဲ့ ပရိသတ်လည်း ပွဲချိန်တစ်လျှောက်လုံး ရင်တမမဖြစ်နေအောင် ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။

စပါးနှင့် မန်ယူတို့ပွဲတွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ်၏ ထိုးဖောက်မှု ခြေလှမ်း..... (အင်တာနက်ဓာတ်ပုံ)

ဗျူဟာအခင်းအကျင်း

ပရီမီယာလိဂ်ပွဲစဉ်တွေ ကစားတဲ့အခါ ဘက်စုံ၊ ထောင့်စုံ ပြည့်စုံမှန်ကန်နေဖို့ လိုအပ်သလို ကံတရားရဲ့ ဖေးမမှုကလည်းရှိနေမှ နိုင်ပွဲရတတ်ကြပါတယ်။ မန်နေဂျာတွေရဲ့ လူထုတ်သုံးမှုနဲ့ ဗျူဟာအခင်းအကျင်းဟာ ပွဲရလဒ်ကို အပြောင်းအလဲဖြစ်သွားနိုင်တယ် ဆိုတာကိုလည်း လက်ခံရမှာဖြစ်ပါတယ်။

ပရီမီယာလိဂ် ပွဲစဉ်တွေဟာ စပိန်လာလီဂါ၊ အီတလီ စီးရီးအေနဲ့ ဂျာမန် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွေနဲ့ မတူတဲ့ အချက်ကတော့ ကစားသမားတိုင်းဟာ လျင်မြန်မှု၊ ခွန်အားသုံးမှု၊ အချိတ်အဆက်မိမိ ကစားနိုင်မှုနဲ့ အချင်းချင်း နားလည်မှုရှိတာတွေဟာ စက္ကန့်နဲ့အမျှကွက်တိဖြစ်အောင်ကြိုးစားအားထုတ်ကြရခြင်း ဖြစ်ပါတယ်။

ဒီလိုတစ်ဦးချင်း အရည်အချင်းတွေနဲ့ မြန်နှုန်းမြင့် ကစားတဲ့အခါ စက္ကန့်တိုင်းဟာ ရင်ခုန်နေရတော့တာပါပဲ။ မိမိအားပေးတဲ့ အသင်းက ပြိုင်ဘက်ကောင်းလည်းဖြစ်၊ သူ့အိမ်ကွင်းလည်းဖြစ်နေရင်တော့ ပွဲမစခင်ကတည်းက ရင်ပူနေရပြီဖြစ်ပါတယ်။ တကယ်တမ်း ပြိုင်ပွဲကစားတဲ့အခါမှာလည်း မိမိအားပေးတဲ့အသင်းကို ပြိုင်ဘက်အသင်းက ခြေရည်တူကစားပြီး အဖွင့်ဂိုးပါ သွင်းယူထားရင်တော့ ကြည့်ရတာ စိတ်ထဲဂနာမငြိမ်အောင် ရင်တဒိတ်ဒိတ်ခုန်နေရတော့တာပါပဲ။

မန်ယူနဲ့ စပါး

မန်ယူနဲ့ စပါးအသင်းပြိုင်တဲ့ပွဲမှာ ပွဲချိန်မိနစ် ၉၀ကျော်တဲ့အထိ မန်ယူတို့ ဂိုးရဖို့ ကြိုးစားနေတဲ့အချိန်မှာ ပရိသတ်တွေ အသက်မရှူနိုင်အောင် ဖြစ်နေသလို နောက်ဆုံးစက္ကန့်မှာ တီဗက်ဇ် သွင်းလိုက်တဲ့ဂိုးကြောင့် ပရိသတ်တွေရဲ့ ဝေါခနဲအားပေးသံနဲ့အတူ ပွဲသိမ်းခရာမှုတ်လိုက်တာကလည်း ပရီမီယာလိဂ်ပွဲကောင်းတွေ ဒီလိုပါလား ဆိုတာပြလိုက်တာပါပဲ။

ပို့စ်မောက်နှင့် ချယ်လ်ဆီးတို့ပွဲ၌ ချယ်လ်ဆီးမှ ရိုက်ဖီးလစ် (ယာ)၏ ထိုးဖောက်ကစားဟန်။ (အင်တာနက်ဓာတ်ပုံ)

မန်စီးတီးနဲ့ အာဆင်နယ်

ဒီလိုပါပဲ အိမ်ကွင်းမှာ ရှုံးပွဲမရှိတဲ့ မန်စီးတီးကို ပွဲအစ ကိုးမိနစ်မှာတင် အဖွင့်ဂိုးသွင်းယူလိုက်လို့ ပရိသတ်တွေ အံ့အားသင့်နေချိန်မှာပဲ ၂၆မိနစ်မှာ နောက်တစ်ဂိုးသွင်းလိုက်တာကြောင့် အထင်ကြီးခဲ့ရတဲ့ မန်စီးတီးရဲ့ အဖြစ်လည်း မှန်းချက်နဲ့ နမ်းထွက်မကိုက်ဖြစ်ခဲ့ရပါတယ်။ အာဆင်နယ်ဟာ မန်စီးတီးကို သုံးဂိုးအထိ သွင်းယူလိမ့်မယ်လို့ ဘယ်သူမှ မထင်ခဲ့ပေမယ့် ချေပဂိုးတစ်ဂိုးပဲ ရလိုက်တဲ့ အဲရစ်ဆင်ရဲ့ မန်စီးတီးလည်း အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကို ရုပ်သိမ်းပြီး အာကြီးတို့ရှေ့မှာ ဒူးထောက်ခဲ့ရလို့ မန်စီးတီးပရိသတ်တွေ ရင်စို့ခဲ့ရပါတယ်။ ထိပ်ဆုံး လေးသင်းစာရင်းဝင်အောင် ကြိုးစားမယ်လို့ ကြုံးဝါးနေတဲ့ အဲရစ်ဆင်လည်း တန်းစီဇယားမှာ ၂၅ပွဲကစားပြီးချိန်မှာ နောက်ထပ်ခြေတစ်လှမ်းဆုတ်လိုက်ရပြီး ဆဋ္ဌမနေရာမှာ ငုတ်တုတ်ထိုင်ခဲ့ရပါပြီ။

ချယ်လ်ဆီးနဲ့ ပို့စ်မောက်

ဒီလိုပါပဲ နာမည်ကြီး ချယ်လ်ဆီးတို့လည်း ပို့စ်မောက်ရဲ့ ဖရက်တန်ပတ်ခ်ကွင်းမှာ လည်စင်းမခံရအောင် မနည်းကြိုးစားခဲ့ရပြန်ပါတယ်။ ပို့စ်မောက်ဟာ ချယ်လ်ဆီးလို အသင်းကို ကစားကွက်အသာစီးရအောင် ကစားခဲ့ပြီး တဒိုင်းဒိုင်းနဲ့ ဂိုးတွေသွင်းယူဖို့ ကြိုးစားနေတာဟာ ဒီပွဲရလဒ် ဘာနဲ့အပြီးသတ်မလဲဆိုတာ တွေးလို့မရအောင် ပရိသတ်ကို ဖမ်းစားနိုင်တဲ့ပွဲဖြစ်ခဲ့ပါတယ်။ ပွဲအပြီး တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့ ချယ်လ်ဆီးတို့လည်း တန်းစီဇယား ထိပ်ဆုံးက အာကြီးတို့နဲ့ ပွဲတူခြောက်မှတ်ကွာပြီး ဒုတိယနေရာက မန်ယူနဲ့ ပွဲတူ လေးမှတ်ကွာနေတာမို့ တန်းစီဇယား ထိပ်ဆုံးအသင်းရဲ့ အနေအထားက ပြောင်းလဲခြင်းမရှိသေးတာမို့ ပရီမီယာလိဂ်ဟာ ပရိသတ်ရင်ကို ဆွဲကိုင်လှုပ်ယမ်းနေအောင် ရသတွေပေးနေဦးမှာ ဖြစ်ပါတယ်။ ။

မန်စီးတီးနှင့် အာဆင်နယ်ပွဲ၌ မန်စီးတီးမှ ကော်လူကာ (ဝဲ) က အာဆင်နယ်မှ ဒီရာဘိုင် ထိုးဖောက်မှုကို ဤသို့ ဟန့်တားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပရီမီယာလိဂ် ပွဲစဉ် (၂၅) အနိုင်အရှုံး

ဘာမင်ဂမ်	၁	–	၁	**ဒါဘီ**
ဘလက်ဘန်း	၀	–	၀	**အဲဗာတန်**
ရက်ဒင်း	၀	–	၂	**ဘော်လ်တန်**
ဝီဂန်	၁	–	၀	**ဝက်စ်ဟမ်း**
လီဗာပူး	၃	–	၀	**ဆန်းဒါးလန်း**

စီးရီးအေ ပွဲစဉ် (၂၁) အနိုင်အရှုံး

ပါလာမို	၁	–	၀	**လီဗော်နို**

ကိုးကား–အင်တာနက်

ကျွန်အဖြစ် နှံမနစ်ကြစေဖို့ (သို့မဟုတ်) သွေးခွဲအနိုင်ယူမခံရစေဖို့

လှိုင်အောင်

လူ့ဘောင်သမိုင်းသည် အင်ပါယာတို့၏ သမိုင်းဖြစ်သည်ဟု သမိုင်းပညာရှင်တစ်ဦးက ဆိုခဲ့ဖူးသည်။ အင်ပါယာဆိုသည်မှာလည်း အားကြီးသော နိုင်ငံတစ်ခုက အားနည်းသောနိုင်ငံ၊ သို့မဟုတ် လူ့အဖွဲ့အစည်းအချို့ကို စီးပွားရေးအကျိုးငှာလည်းကောင်း၊ နိုင်ငံရေးနှင့် ဘာသာရေးအကျိုးတို့ငှာ လည်းကောင်း အတင်းအကျပ်အင်အားသုံး၍ ဩဇာအာဏာ လွှမ်းမိုးထားသော နယ်ပယ်အဝန်းအဝိုင်းတစ်ခုဟု ဆိုနိုင်သည်။

ထို့ကြောင့် လူ့ဘောင်သမိုင်းသည် အင်ပါယာတို့၏ သမိုင်းဟုဆိုလျှင် အားကြီးသူတို့က အားနည်းသူတို့အပေါ် ဖိနှိပ်လွှမ်းမိုးခြယ်လှယ်မှုတို့၏ သမိုင်းဟုလည်း ဆိုနိုင်ဖွယ်ရှိလေသည်။ ယင်းအဆိုကို သမိုင်းကြောင်းနှင့် ယှဉ်၍ ဆန်းစစ်ကြည့်ပါကလည်း သဘာဝယုတ္တိ၊ အာဂမယုတ္တိအတော် အတန်ရှိသည်ဟု ဆိုနိုင်သည်။ ကမ္ဘာ့သမိုင်း၌ပညာရှင်တို့ ပိုင်းခြားသတ်မှတ်ထားသော ခေတ်အသီးသီးတို့တွင် ဆိုင်ရာဆိုင်ရာ ခေတ်ကာလတို့အားလျော်စွာ အင်အားကြီးသူတို့က အားနည်းသူတို့အပေါ် လွှမ်းမိုးဖိနှိပ်ကာ နယ်ပယ်ဩဇာချဲ့ထွင်ခဲ့မှုများကို တွေ့ရပေလိမ့်မည်။ စိုက်ပျိုးရေးကို အဓိကစီးပွားရေးအဖြစ် အားထားရသည့် မြေရှင်ပဒေသရာဇ်ခေတ်တွင် စိုက်ပျိုးမြေပိုမိုရရှိ ပိုင်ဆိုင်နိုင်ရေးအတွက် အနီးဝန်းကျင်ဒေသများသို့ သွားရောက်တိုက်ခိုက် သိမ်းယူမှုများရှိခဲ့သည်။ ကုန်သွယ်မှုအကျိုးအမြတ်ရှာဖွေသည့် ကုန်သွယ်နယ်ချဲ့ခေတ်တွင်လည်း ကုန်သွယ်မှုအခွင့်အရေးများကို တစ်ဦးတည်း မောင်ပိုင်စီးနိုင်ရေးအတွက် စစ်သင်္ဘောများဖြင့် ပင်လယ်ရပ်ခြား ရောက်ရာအရပ်တွင် အလံထောင်ကာ ခံတပ်ဆောက်၍ သိမ်းပိုက်ခဲ့သည်။

စက်မှုတော်လှန်ရေးနောက်ပိုင်း စက်မှုခေတ်တွင်လည်း စက်မှုအင်အားကြီးနိုင်ငံများက စက်မှုမဖွံ့ဖြိုးသေးသည့်နိုင်ငံများအပေါ် သာလွန်သော လက်နက်၊ နည်းပညာ၊ စစ်အင်အားတို့ဖြင့် တိုက်ခိုက်ကျွန်ပြုကာ ကုန်ကြမ်းနှင့်ဈေးကွက်တို့ကို အပြိုင်အဆိုင် လက်ဝါးကြီးအုပ်ခဲ့ကြသည်။

လူ့သမိုင်းအစ ကနဦးကာလမှအစပြု၍ ယနေ့ထက်တိုင် မရပ်မနား၊ အကြားအလပ်ဟူ၍ မရှိလောက်အောင် စဉ်ဆက်မပြတ် ဖြစ်ပွားနေခဲ့သော စစ်ပွဲများမှာလည်း ပြန်၍ ဆန်းစစ်ကြည့်လျှင် အင်အားကြီးသူတို့၏ အင်ပါယာချဲ့ထွင်ရေးစစ်ပွဲများနှင့် အင်ပါယာအချင်းချင်း အားပြိုင်သော စစ်ပွဲများကသာ အများစုဖြစ်သည်ကို တွေ့ရပေလိမ့်မည်။

သို့သော် လူတို့၏ လူနေမှုစနစ်၊ လူမှုစီးပွားရေးဘဝနှင့် နည်းပညာတို့ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ အင်ပါယာတို့၏ အသွင်အပြင်၊ သက်တမ်းနှင့် လွှမ်းမိုးဖိနှိပ် ကျွန်ပြုပုံနည်းလမ်းများလည်း လိုက်ပါပြောင်းလဲလာခဲ့သည်။

ရှေးခေတ်က အင်ပါယာများသည် ရှေးကျသည်နှင့်အမျှ သက်တမ်းရှည်ကြာမှုရှိပြီး နောက်ပိုင်းအင်ပါယာများမှာမူ သက်တမ်းပို၍တိုလာသည်။ ဥပမာအားဖြင့် ရောမအင်ပါယာသည် နှစ်ပေါင်းထောင်ချီ၍ သက်တမ်းရှည်ကြာခဲ့ပြီး တူရကီတို့၏ အော်တိုမန်အင်ပါယာမှာ နှစ်ပေါင်းခုနစ်ရာခန့် သာခံသည်။ မျက်မှောက်သမိုင်းတွင် ထင်ထင်ရှားရှား နောက်ဆုံးအင်ပါယာဖြစ်သော ဗြိတိသျှအင်ပါယာမှာ နှစ်ပေါင်းနှစ်ရာကျော်မျှသာခံသည်။

သို့ရာတွင် စက်မှုနည်းပညာ တိုးတက်လာသည်နှင့်အမျှ အင်ပါယာနယ်ပယ်တို့က ပိုမိုကျယ်ပြန့်လာသည်။ အော်တိုမန်အင်ပါယာက အရှေ့အလယ်ပိုင်းနှင့် ဥရောပတစ်ခြမ်းကိုသာ ဩဇာသက်ရောက်နိုင်ခဲ့သော်လည်း ဗြိတိသျှအင်ပါယာကမူ ကမ္ဘာတစ်ဝန်း၌ နေမဝင်အင်ပါယာကို ထူထောင်နိုင်ခဲ့သည်။

ယနေ့မျက်မှောက်ခေတ်တွင်မူ အင်ပါယာဟူ၍ တိတိပပလက်ညှိုးညွှန်ပြစရာမရှိပြီ။ သို့သော်လည်း အားကြီးသည့်နိုင်ငံက အားနည်းသည့်နိုင်ငံများကို နည်းအမျိုးမျိုးဖြင့် လွှမ်းမိုးခြယ်လှယ်ဖိနှိပ်ကာ တစ်ဖက်သတ် ဩဇာအာဏာတည်ဆောက်သည့် အင်ပါယာတို့၏ အနှစ်သာရမှာမူကား ပျောက်ကွယ်မသွားသေးဘဲ ရှင်သန်နေဆဲ ရှိသည်။ စင်စစ်၌ ရှင်သန်နေရုံသာမက အံ့မခန်းတိုးတက်လာသည့် နည်းပညာတို့၏ အစွမ်းဖြင့် ပို၍ပင် သန်စွမ်းဖွံ့ဖြိုးနေသေးသည်ဟု ဆိုနိုင်သည်။ အားကြီးလှသော ကိုယ်ပျောက်အင်ပါယာဖြစ်နေသည်။

ယင်းကိုယ်ပျောက်အင်ပါယာမှ ကမ္ဘာတစ်ဝန်း ချောင်ကြိုချောင်ကြား မကျန် ရေဒါမဖမ်းနိုင်သော ကိုယ်ပျောက်လေယာဉ်များဖြင့် သွားရောက်ဗုံးကြဲနိုင်သည်။ လေယာဉ်တင်သင်္ဘော အုပ်စုကြီးများကို ကမ္ဘာ့မည်သည့်နေရာတွင်မဆို သွားရောက်စစ်ဆင်နိုင်ရန် သမုဒ္ဒရာရေပြင်တိုင်း၌ အသင့်ချထားပြီးဖြစ်သည်။ နိုင်ငံပြင်ပ ကမ္ဘာအရပ်ရပ်၌ တပ်အင်အား သိန်းကျော်ဖြန့်ကြက်ထားသည်။ ကမ္ဘာ့လူသားအားလုံး အသုံးပြုပြောဆို ဆက်သွယ်သည့် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်၊ ရေဒီယို၊ ရုပ်မြင်သံကြားစသော လျှပ်စစ်သံလိုက်လှိုင်းဖြင့် ထုတ်လွှင့်မှု မှန်သမျှကို အားကြီးသော လှိုင်းဖမ်းစက်နှင့် စူပါကွန်ပျူတာကြီးများ အသုံးပြုကာ ဖမ်းယူထောက်လှမ်းနေသည်။ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံအစိုးရမှန်သမျှ ၎င်းတို့ဩဇာကို ရိုကျိုးနာခံစေရန် အနုအကြမ်းနည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဖန်တီးနေသည်။ ကမ္ဘာအရပ်ရပ်ရှိ ပြည်သူလူထုအားလုံး စိတ်ပိုင်းဆိုင်ရာကို ၎င်းတို့အလိုကျ လွှမ်းမိုးချုပ်ကိုင်နိုင်ရန် ဝါဒသဘောတရား၊ ယဉ်ကျေးမှု၊ ပညာရေး နည်းလမ်းပေါင်းစုံဖြင့် ပုံသွင်းလျက်ရှိသည်။ ဤသို့ကြမ်းတမ်းထင်ရှားသော စစ်ရေးနည်းလမ်းများ၊ သိမ်မွေ့ညင်သာ၍ ထင်ရှားမမြင်သာသော အခြားနည်းလမ်းများကို အသုံးပြုလျက် ကိုယ်ပျောက်အင်ပါယာကြီးသည် အတိတ်ကာလက မည်သည့်ဘုန်းကံရှင် ဧကရာဇ်တို့မျှ မစွမ်းနိုင်ခဲ့သော တစ်ကမ္ဘာလုံးကို လွှမ်းမိုးချုပ်ကိုင်ရေး ရည်မှန်းချက်ဖြင့် ကြိုးပမ်းအားထုတ်လျက်ရှိလေသည်။

သို့ရာတွင် နည်းပညာဖြင့် စစ်ရေးစွမ်းပကား မည်မျှတိုးတက်ကြီးမားလာသည်ဟုဆိုစေ၊ ရှေးရှေးအင်ပါယာတို့၏ အင်ပါယာထူထောင်ရေးနှင့် အင်ပါယာရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လက်သုံးထားခဲ့ကြသော ရှေးရိုးနည်းလမ်းတစ်ခုကိုမူ လုံးဝလက်မလွှတ်နိုင်သေးပေ။ ယင်းမှာ အခြားမဟုတ်။ သွေးခွဲရေးနည်းဗျူဟာပင်ဖြစ်၏။

တစ်မူထူးသည်မှာကား ရှေးရှေးခေတ်အင်ပါယာတို့သည် သွေးခွဲရေးနည်းဗျူဟာကို အဓိကအားဖြင့် အင်ပါယာတည်ဆောက်ပြီး ရေရှည်ခိုင်မြဲစေရန်အတွက်သာ အသုံးများကြ၏။ ယင်းကိုသွေးခွဲအုပ်ချုပ်ရေး (divide and rule)နည်းဟု လူသိများကြ၏။

ကိုယ်ပျောက်အင်ပါယာခေတ်တွင်မူ အင်ပါယာတည်ဆောက်ကာ တစ်ပါးနိုင်ငံများကို လွှမ်းမိုးချုပ်ကိုင်နိုင်ရေး ဆောင်ရွက်နေစဉ်မှာပင် အလွယ်တကူ လွှမ်းမိုးအောင်နိုင်ရေးအတွက် ကြိုတင်သွေးခွဲပြီးမှ ဩဇာလွှမ်းမိုးသည့် သွေးခွဲအနိုင်ယူနည်း (divide and conquer) ကို ပိုမိုအသုံးပြုလာခဲ့ခြင်းဖြစ်သည်။

စင်စစ်၌ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုသည် လူ့ခန္ဓာကိုယ်နှင့် အလားတူသဏ္ဌာန်တူ၏။ လူ့ခန္ဓာ၌ ဓာတ်ကြီးလေးပါး ညီညွတ်နေလျှင်၊ ကိုယ်ခံစွမ်းအား ကောင်းမွန်နေလျှင်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ထမ်းဆောင်နေကြလျှင် ပြင်ပမှ ရောဂါပိုးများ၊ အန္တရာယ်များ အလွယ်တကူ မဝင်ရောက်နိုင်ပေ။ အကယ်၍ ဓာတ်လေးပါး မညီညွတ် သွေးလေဖောက်ပြန်ခဲ့လျှင်၊ ကိုယ်ခံစွမ်းအား ကျဆင်းနေလျှင်၊ ကိုယ်အင်္ဂါလုပ်ငန်းများ ချွတ်ချော်လာခဲ့လျှင် ပြင်ပမှ ရောဂါများ ဝင်ရောက်လာတော့မည်သာဖြစ်၏။

အလားတူပင် နိုင်ငံတို့၌လည်း တိုင်းရင်းသားလူမျိုးစုများ၊ လူထုလူတန်းစားများ၊ ဘာသာကိုးကွယ် ယုံကြည်သူ ဘာသာဝင်များ၊ မညီမညွတ် ပဋိပက္ခဖြစ်နေလျှင်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ လျော့နည်းကျဆင်းနေလျှင်၊ တိုင်းသူပြည်သားတိုင်းက ကိုယ်ကျရာကဏ္ဍမှ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ဘဲ တာဝန်မဲ့စွာ ပျက်ကွက်နေခဲ့လျှင် ထိုနိုင်ငံသည် အနေးနှင့်အမြန် သူ့ကျွန်အဖြစ် နှံ့နစ်ရတော့မည်သာ ဖြစ်လေသည်။

ယနေ့ခေတ်၌ ကျွန်ဖြစ်သည်ဆိုခြင်းမှာ ကိုလိုနီအရှင်သခင် သိုးဆောင်းတို့ ခြေဖဝါးအောက်၌ ဒူးထောက်၍ ပြားပြားဝပ်ကာ ဘုရားထူး ကျွန်ခံရခြင်းမျိုးကား မဟုတ်တော့ပေ။ စီးပွားရေးအရ လက်ဖြန့်ခံကာ ကျွန်ဖြစ်ရသည်။

နိုင်ငံရေးအရ ခိုင်းသမျှလုပ်ကာ ကျွန်ဖြစ်ရသည်။ ဝါဒသဘောတရားရေးအရ သင်ပေးမှိုင်းတိုက်သမျှ ခေါင်းညိတ်လက်ခံကာ ကျွန်ဖြစ်ရသည်။ ယဉ်ကျေးမှုအရ အထင်ကြီးအတုခိုးကာ ရေလိုက်မှားရင်း ကျွန်ဖြစ်နှံ့နစ်ကြရသည်။

သေနတ်တစ်ချက်မျှ မဖောက်ဘဲ၊ စစ်ဖိနပ်ခွာသံ တစ်ချက်မျှ မကြားလိုက်ရဘဲ သိမ်မွေ့စွာ သွေးခွဲကျွန်ပြုလိုက်မှုကြောင့် မိမိကိုယ်ကို ကျွန်ဖြစ်မှန်းပင် မသိလိုက်ဘဲ ငုတ်တုတ်ထိုင်ရင်း ကျွန်ဖြစ်သွားကြသူများလည်းရှိသည်။

ညီနောင်အချင်းချင်း ပြည်တွင်းပြဿနာကို အေးချမ်းစွာ ညှိနှိုင်းအဖြေမရှာနိုင်ဘဲ နယ်ချဲ့ဆရာများကို အားထားကြည်ညိုစွာ ပင့်ဖိတ်ခေါ်ဆောင်လာမှုကြောင့် ဆေးအတွက်လေးကာ ယနေ့ထက်တိုင် သွေးချောင်းစီးနေရဆဲ နိုင်ငံများလည်းရှိသည်။

ရှေးယခင်က အင်ပါယာများမှာ မူလကပင် စည်းလုံးညီညွတ်မှု အားနည်းကာ ပြိုကွဲနေသော နိုင်ငံများကိုသာ လွယ်ကူစွာလွှမ်းမိုးကျွန်ပြုနိုင်ခဲ့ကြသည်။ ကိုယ်တိုင်ကား များစွာထိရောက်အောင် ကြိုတင်သွေးခွဲနိုင်ခဲ့ခြင်း မရှိပေ။ ဥပမာအားဖြင့် သူတစ်လူငါတစ်မင်း အချင်းချင်း သွေးကွဲနေကြသော အိန္ဒိယမှ မဟာရာဂျာစော်ဘွားနယ်များကို ဗြိတိသျှတို့က တစ်နယ်ပြီးတစ်နယ်သိမ်းပိုက်ကာ ကြီးမားလှသော အိန္ဒိယတိုက်တစ်ခုလုံးကို ကျွန်ပြုသွားနိုင်ခဲ့ကြသည်။ မန်ချူးဧကရာဇ် လက်ထက်စစ်ဘုရင်များ တစ်သီးတခြားစီ ကွဲပြားစွာ အုပ်စိုးနေကြသော တရုတ်ပြည်ကြီး၏ စီးပွားရေး အကောင်းဆုံး ကမ်းခြေဒေသများကိုလည်း နယ်ချဲ့ပေါင်းစုံက ခွဲဝေယူငင်ကာ ထင်တိုင်းပြုနိုင်ခဲ့ကြသည်။ အားနည်းသော တိုင်းငယ်ပြည်ငယ်များကိုမူ လက်နက်အင်အားဖြင့် အတင်းအကျပ် သိမ်းပိုက်ကာ ပြောင်တင်းစွာ ကျွန်ပြုခဲ့ကြခြင်းဖြစ်၏။

> **ကိုယ်ပျောက် အင်ပါယာကြီးကမူ ရှေးအင်ပါယာများကဲ့သို့ပင် ပြောင်ပြောင်တင်းတင်း ကိုလိုနီသွတ်သွင်း ကြေညာနိုင်သည့် ခေတ်မရှိတော့သဖြင့် တိုက်ရိုက်အင်အားသုံး ကျွန်ပြုမှုစနစ်ထက် သွယ်ဝိုက်လွှမ်းမိုး အောင်နိုင်မှုနည်းလမ်းကို ပိုမိုအသုံးပြုလာ။ သွယ်ဝိုက်လွှမ်းမိုးအောင်နိုင်ရေးအတွက် အဆင်ပြေဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းမှာ ကြိုတင်သွေးခွဲ အနိုင်ယူခြင်းပင်။**

ကိုလိုနီကျွန်အဖြစ်သို့ ရောက်သွားသောအခါကျမှသာ ကျွန်နိုင်ငံတို့၏ အခြေအနေကို လေ့လာ၍ လူမျိုးစုချင်း၊ ဘာသာဝင်ချင်း မသင့်မြတ်အောင် ရန်တိုက်သွေးခွဲကာ ကျွန်သက်ရှည်အောင် အုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။ ယနေ့ထက်တိုင် ကျန်ရှိနေဆဲဖြစ်သော အိန္ဒိယတိုက်မှ ဟိန္ဒူ-မွတ်ဆလင်ပဋိပက္ခ၊ သီရိလင်္ကာမှ ဆင်ဟာလီ-တမီလ်ပဋိပက္ခ၊ အရှေ့အလယ်ပိုင်းမှ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ၊ အာဖရိကတိုက်မှ ဟူတူ-တွတ်ဆီ ပဋိပက္ခ စသည်တို့မှာ အင်ပါယာဟောင်းတို့၏ သွေးခွဲအုပ်ချုပ်မှု အမွေဆိုးများပင် ဖြစ်ကြသည်။

ယနေ့ခေတ် ကိုယ်ပျောက် အင်ပါယာကြီးကမူ ရှေးအင်ပါယာများကဲ့သို့ ပြောင်ပြောင်တင်းတင်း ကိုလိုနီသွတ်သွင်း ကြေညာနိုင်သည့် ခေတ်မရှိတော့သဖြင့် တိုက်ရိုက်အင်အားသုံး ကျွန်ပြုမှုစနစ်ထက် သွယ်ဝိုက်လွှမ်းမိုး အောင်နိုင်မှုနည်းလမ်းကို ပိုမိုအသုံးပြုလာရသည်။ ထိုသို့ သွယ်ဝိုက်လွှမ်းမိုးအောင်နိုင်ရေးအတွက် အဆင်ပြေဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းမှာ ကြိုတင်သွေးခွဲ အနိုင်ယူခြင်းပင် ဖြစ်တော့သည်။

စစ်အေးခေတ်နောက်ပိုင်း ပြိုကွဲသွားခဲ့ရသော ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလပ် ပြည်ထောင်စုနှင့် ဝါဆောအရှေ့အုပ်စုတို့မှာ သွေးခွဲအနိုင်ယူမှု၏ ထင်ရှားသော ပြယုဂ်များပင် ဖြစ်လေသည်။ ယူဂိုဆလပ်ပြည်ထောင်စုဆိုလျှင် စတင်ပြိုကွဲသည့် ၁၉၉၁ခုနှစ်မှစ၍ ခရိုအေးရှား၊ ဘော့စနီးယားနှင့် ကိုဆိုဗိုတို့တွင် သွေးပင်လယ်ဝေခဲ့သည်။ အချင်းချင်း ကွဲကြပြဲကြသည်နှင့် ပြည်ပတပ်များဝင်လာကာ ဗုံးမိုးရွာခဲ့သည်။ ယနေ့ထက်တိုင် အကွဲအပြဲဇာတ်လမ်းက မဆုံးသေး။ ကိုဆိုဗိုဒေသက ဆားဘီးယားထံမှ ခွဲထွက်ကာ တစ်ဖက်သတ် လွတ်လပ်ရေးကြေညာရန် ပြင်ဆင်နေသည်။ အကျိုးဆက်အဖြစ် ကိုဆိုဗိုနယ်အတွင်း ဆာ့ဘ်နှင့် အယ်လ်ဘေးနီးယန်းတို့အကြား သွေးထွက်သံယို ပဋိပက္ခများ ဖြစ်လာဖွယ်ရှိနေသည်။

ပြိုကွဲသွားသော ဆိုဗီယက်ပြည်ထောင်စုကို လေ့လာလျှင် ပြိုကွဲမှုကြောင့် မည်သူတို့သာ အကျိုးရှိသည်ကို ထင်ရှားစွာတွေ့နိုင်သည်။ ယခုအခါ ရုရှားပတ်လည် အရှေ့ဥရောပ ဆိုဗီယက်ဟောင်းနိုင်ငံများတွင် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်နေသည်။ အနောက်အုပ်စုက ကြိုးကိုင်အားပေးသည့် အရောင်လှုပ်ရှားမှု (Colour Revolution) များ ပေါ်ပေါက်ခဲ့ပြီး အနောက် နိုင်ငံလက်ထွက် ဩဇာခံရုပ်သေးရုပ်အချို့က နိုင်ငံခေါင်းဆောင်များပင် တက်ဖြစ်နေကြသည်။ ထိုနိုင်ငံများကို နေတိုးစစ်အုပ်စု အတွင်း ဆွဲသွင်းနိုင်ခြင်းဖြင့် အနာဂတ်အန္တရာယ် ဖြစ်လာနိုင်သည့် အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သော ရုရှားနိုင်ငံကို အနီးကပ်စစ်ရေးအင်အားချထား၍ စောင့်ကြည့်နိုင်သည်။ ကက်စပီယံပင်လယ်မှ ရေနံပိုက်လိုင်းများဖြတ်၍ သယ်ယူနိုင်သည်။

ကိုယ်ပျောက်အင်ပါယာ လက်ချက်ကြောင့် ယနေ့ထက်တိုင် စစ်တလင်းဖြစ်နေဆဲ၊ ဗုံးကွဲသံ တညံညံနှင့် သွေးသံရဲရဲ နိုင်ငံများကိုမူကား ထင်ရှားလှသည့်အတွက် သာဓကမစွက်လိုတော့ပါ။ စာဒနာပေါင်းချုပ်၍ သင်ခန်းစာထုတ်ရပါလျှင် အင်ပါယာဟူ၍ ထင်ရှားမရှိတော့သော်ငြားလည်း အနှစ်သာရအရ အင်ပါယာခေတ်မကုန်သေးပါ။ အားကြီးသူက အားနည်းသူကို လွှမ်းမိုးရန်ကြိုးစားဆဲ၊ ဖြစ်နိုင်လျှင် တစ်ကမ္ဘာလုံးကို လွှမ်းမိုးချုပ်ကိုင်ကာ ဩဇာအာဏာတည်ဆောက်ရန် မျှော်မှန်းဆဲဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတကာ ဥပဒေကို စက္ကူစုတ်လုပ်ကာ နိုင်ငံတို့၏အချုပ်အခြာအာဏာကိုလည်း မြောင်းထဲသို့ ကန်ချထားခဲ့ပေါင်း များလှပြီဖြစ်ပါ၏။

အထူးသဖြင့် မညီညွတ်မစည်းလုံးသော နိုင်ငံများကား ကိုယ်ပျောက်အင်ပါယာကြီး၏ သွေးခွဲလွှမ်းမိုးအနိုင်ယူသော လက်နက်၏စက်ကွင်းအောက်သို့ ရောက်သွားတတ်ကြပြီး အိမ်ကြက်ချင်း အိုးမည်းသုတ်၍ ခွပ်နိုင်းခြင်း ခံကြရတတ်သည်။ နောက်ဆုံး၌ အချင်းချင်း သွေးချောင်းစီးအောင်တိုက်ခိုက်ရင်း သူ့ကျွန်အဖြစ် နှံ့နစ်သွားကြရသည်မှာ မျက်မှောက်သမိုင်း၏ သာဓကများက ထင်ရှားပြဆိုနေခဲ့ပြီဖြစ်ပါ၏။

ထို့ကြောင့် ကျစ်လျစ်သိပ်သည်းသော စည်းလုံးညီညွတ်ခြင်းဖြင့်သာ တစ်ကျော့ပြန်ကျွန်အဖြစ် နှံ့နစ်ခြင်းမှ ရှောင်ရှားနိုင်ကြမည်ဖြစ်ပါ၏။ တိုင်းရင်းသားညီအစ်ကို နောင်ဘွားအချင်းချင်း ရေပက်မဝင်သော သွေးစည်းညီညွတ်မှုဖြင့်သာ နယ်ချဲ့ပယောဂဖြင့် သွေးချောင်းစီးရမည့် အန္တရာယ်မှ လွတ်ကင်းနိုင်ကြမည်ဖြစ်ပါ၏။ ညီနောင်သွေးချင်းအားလုံး ကိုယ်ပျောက်အင်ပါယာကြီး၏ သွေးခွဲအနိုင်ယူ ပရိယာယ်လုပ်ရပ်များကို သတိရှိရှိ အသိပြည့်ပြည့်ဖြင့် ကြိုတင်ကာကွယ်တားဆီးကာ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ဖွံ့ဖြိုးရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းနိုင်ကြစေရန် ဆန္ဒပြုပါ၏။ ။

မျိုးဆက် အနုပညာစီးဆင်းမှု သမိုင်းမှတ်တိုင် ဒုတိယအကြိမ်မြောက် အနုပညာအလျှဉ်ပန်းချီပြပွဲ

ပန်းချီအနုပညာခံစားမှု- မိုးမြင့်လင်းလက် **ဓာတ်ပုံ- သိန်းဝင်းလေး(မြန်မာ့အလင်း)** **စာမျက်နှာပွဲ့စည်းမှု- ထိန်လင်း**

ရန်ကုန် ဖေဖော်ဝါရီ ၂

ပန်းချီကားတိုင်းကို ရသမြောက်အောင် ဖန်တီးရေးဆွဲနိုင်တဲ့ မြန်မာ အင်ပရက်ရှင်နစ် ပန်းချီဆရာကြီး ဦးလွှန်းကြွယ်မိသားစုရဲ့ **"ဒုတိယအကြိမ်မြောက် လွှန်းမိသားစု၏ အနုပညာအလျှဉ်"**လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဂရင်းမီးရထားဟိုတယ်မှာ ဖေဖော်ဝါရီ ၂ရက်မှ ၆ရက် အထိ စတင် ခင်းကျင်းပြသနေပြီ ဖြစ်ပါတယ်။

မြစ်တွေရဲ့ စီးဆင်းခြင်းမှာ မြစ်ဖျားခံတာရှိသလို ပန်းချီဆရာကြီး ဦးလွှန်းကြွယ်ရဲ့ အနုပညာ ပန်းချီ မြစ်ဖျားခံမှုကနေပြီး ဇနီးလွှန်းမြမြ၊ သား ပန်းချီလွှန်းသစ်၊ သမီးချွေးမ လွှန်းကျော်ရည်၊ မြေး မလွှန်းပန်ချီနဲ့ မြေး မောင်လွှန်းမိုးယံအထိ စီးဆင်းမှုဖြစ်ခဲ့ပါပြီလို့ပြောကြားတဲ့ အသက် ၇၈နှစ်အရွယ်ရှိ ဆရာကြီးဦးလွှန်းကြွယ်ဟာ ဒီပန်းချီပြပွဲမှာ သူ့လက်ရာ ဆီဆေး၊ ရေဆေးပန်းချီကား ၄၆ကားကို ပါဝင်ပြသထားပါတယ်။

ဒါ့အပြင် လွှန်းမြမြက ဆီဆေး၊ ရေဆေး ၄၆ကား၊ ပန်းချီလွှန်းသစ်က

ပန်းချီဆရာကြီး ဦးလွှန်းကြွယ်၏ **"ရောဝတီမြင်ကွင်း"**အလှပန်းချီကားကလည်း ဤသို့ လက်ရာမြောက်စွာ...။ (မြန်မာ့အလင်း)

သားတိုင်းမှာ အလှတရားတွေ ကိုယ်စီရှိနေတာကို သတိရစိတ်ဖြစ်မိစေပါတယ်။ ဆရာကြီး ဦးလွှန်းကြွယ်ရဲ့ ပန်းချီလက်ရာတွေကတော့ ရှုမငြီးစရာပါဘဲ။

ဒီပွဲမှာ ပန်းချီကား ၂၇ကား ပါဝင်ရေးဆွဲပြသထားတဲ့ ပန်းချီဆရာမ

ရောင်တွေကို ပေါင်းစပ်မှု မှန်မှန်နဲ့ လက်စွမ်းပြထားတာမို့ မြစ်ရေ၊ ကမ်းစပ်နဲ့ သစ်ပင်တွေရဲ့ အနေအထားဟာ ပေါ်လွင်နေပါတယ်။ ဧရာဝတီမြစ်အရောင်ဟာ အချိန်ပြောင်းရင် ပြောင်းလွဲသွားတတ်တာကို ထင်သာမြင်သာဖြစ်အောင် ရေးဆွဲထားနိုင်တဲ့ ပန်းချီကားပါပဲ။ ဒါ့အပြင် မြန်မာနိုင်ငံဟာ နေရာတိုင်းမှာ သဘာဝအလှတွေ ကြွယ်ဝနေတာကို ဖော်ကျူးနိုင်တဲ့ ပန်းချီကားတစ်ချပ်လို့ သတ်မှတ်လို့ ရပါတယ်။

ပန်းချီဆရာ လွှန်းသစ်ရဲ့ **"ကြည်နူးဖွယ်ရာ စမ်းချောင်း"**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကတော့ ၁၈လက်မX၂၄လက်မ အရွယ်ရှိပြီး တောရိပ်၊ တောင်ရိပ်တွေကို နောက်ခံထားကာ အနုစိတ်ခြယ်မှုန်းထားတဲ့ ပန်းချီကားပါပဲ။ ကြည်လင်နေတဲ့ ရေပြင်နဲ့စမ်းချောင်း၊ တောင်စွယ်တွေ အပေါ် မြူခိုးတွေ ရစ်ဝဲနေပုံ၊ သစ်ပင်နဲ့ တောအုပ်တွေကို

အပြာ၊ မီးခိုး၊ အစိမ်းနဲ့ ခရမ်းရောင်တွေကို သဘာဝအရောင်တွေအတိုင်းဖြစ်အောင် ရေးဆွဲထားတာမို့ ကြည်နူးဆွတ်ပျံ့ဖွယ်ရာ ပန်းချီကားအဖြစ် လွမ်းမောဖွယ် မြင်တွေ့ရပါတယ်။

ဒါ့အပြင် ပန်းချီလွှန်းကျော်ရဲ့ **"ညစာအတွက်"**လို့ အမည်ပေးထားတဲ့ လက်မ၃၀ X ၃၆လက်မ အရွယ်အစားရှိတဲ့ ဆီဆေးပန်းချီကားကတော့ ညစာချက်ပြုတ်ဖို့အတွက် ဝယ်လာတဲ့ ငါးနဲ့ ဟင်းသီးဟင်းရွက်တွေရဲ့ အနီးကပ်မြင်ကွင်းပုံပါ။ ဆီဆေးထူထူကို စုတ်ချက်ရဲရဲနဲ့ တင်ပြထားတာမို့ ပီပီပြင်ပြင် ထိထိမိမိရှိလှတဲ့ ပန်းချီကားပါပဲ။

"ရောင်စုံပန်းအိုး"လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ ပန်းချီကားကတော့ အသက်ရှစ်နှစ်အရွယ် လွှန်းပန်းချီရဲ့ ပန်းချီကားဖြစ်ပါတယ်။ စိတ်ကူးပန်းချီအဖြစ် ပန်းအိုး၊ ပန်းပွင့်နဲ့ အရွက်တွေကို အရောင်အနု အရင့်၊

လွှန်းပန်းချီ၏ "ရောင်စုံပန်းအိုး" ပန်းချီကားက ပန်းအိုးအစစ်အလား ထင်မှတ်မှားဖွယ်...။ (မြန်မာ့အလင်း)

ပန်းချီ လွှန်းမြမြ၏ "ရောဝတီအလှ" ပန်းချီကားကလည်း ဤသို့ လက်ရာမြောက်စွာ တွေ့ရသည်။ (မြန်မာ့အလင်း)

ဆီဆေး ၂၆ကား၊ ပန်းချီလွှန်းကျော်ရည်က ဆီဆေး၂၉ကား၊ လွှန်းပန်းချီက အခရိုင်းလစ်လေးကားနဲ့ လွှန်းမိုးယံက အခရိုင်းလစ်လေးကားတို့ ပါဝင်တာမို့ စုစုပေါင်း ပန်းချီကား၁၃၆ကား ခင်းကျင်းပြသထားတာဟာ ဂရင်းမီးရထားဟိုတယ်ရဲ့ မြေညီထပ်ဧည့်ခန်းမဆောင်၊ ပထမထပ် ပန်းချီပြခန်း နှစ်ခန်းနဲ့ စင်္ကြံလမ်း တွေမှာပါ ပန်းချီကားတွေ ပြည့်လျှံနေတာ တွေ့ရပါတယ်။

မြေညီထပ် ဧည့်ခန်းမဆောင်ကြီးထဲမှာတော့ ပန်းချီဆရာကြီး ဦးလွှန်းကြွယ်ရဲ့ ၄ပေ X ၆ပေ ပန်းချီကားကြီးတွေက ခံ့ခံ့ထည်ထည် နေရာယူထားပါတယ်။ ဒီပန်းချီကားကြီးတွေထဲမှာမှ **"ကချင်မြေမှ လှပျိုဖြူ"**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကြီးက စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ မြစ်ကြီးနား မြစ်ဆုံကို ခရီးထွက်ရင်း တိုင်းရင်းသူ တစ်ဦးရဲ့ အလှကို သဘာဝရှုခင်းတွေ နောက်ခံထားပြီး ဆရာကြီး ဦးလွှန်းကြွယ် ရေးဆွဲထားတာပါ။ ဒီပန်းချီကား ကြည့်ရင်း မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်း

လွှန်းမြမြရဲ့ **"ရောဝတီအလှ"**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားက ဗန်းမော်နဲ့ မန္တလေး အကြားမှာ ရှိတဲ့ ဧရာဝတီမြစ်ရဲ့ တစ်စိတ် တစ်ဒေသ မြင်ကွင်းအလှ ဖြစ်ပါတယ်။ အအေးရောင်တွေဖြစ်တဲ့ အစိမ်း၊ အပြာ၊ အဝါ

ပန်းချီ လွှန်းသစ်၏ "ကြည်နူးဖွယ်ရာ စမ်းချောင်း"ကလည်း လွမ်းမောဖွယ်ရာ။ (မြန်မာ့အလင်း)

ဒီပန်းချီပြပွဲဟာ ပန်းချီအနုပညာမျိုးဆက် လက်ဆင့်ကမ်းမှုဖြစ်သလို မျိုးဆက်အနုပညာ စီးဆင်းမှုလည်း ဖြစ်တာမို့ ထူးခြားတဲ့ ပန်းချီ ပြပွဲဖြစ်။

အလင်းအဝင်အထွက်မှန်မှန်နဲ့ ခြယ်မှုန်းထားတာမို့ တကယ့်ပန်းအိုးတစ်အိုးလို့ မြင်တွေ့ခံစားရပါတယ်။

"ကလေးစိတ်ကူး"လို့ အမည်ပေးထားတဲ့ ပန်းချီကားက သုံးနှစ်အရွယ်သာ ရှိသေးတဲ့ လွှန်းမိုးယံရဲ့ ပန်းချီကားဖြစ်ပါတယ်။ အခရိုင်းလစ်နဲ့ ရေးဆွဲထားတာဖြစ်ပြီး အနီ၊ ခရမ်းနဲ့ အနက်ရောင်တွေကို စုတ်တံနဲ့ လွတ်လွတ်လပ်လပ် ရေးဆွဲတင်ပြထားတာဖြစ်ပါတယ်။ ဒီပန်းချီကားကို ကြည့်ပြီး စုတ်ချက်ရေးဆွဲပုံ ရဲတင်းမှုနဲ့ အားပါမှုတွေ တွေ့မြင်ရပါတယ်။

ဒီပန်းချီပြပွဲဟာ ပန်းချီအနုပညာ မျိုးဆက်လက်ဆင့်ကမ်းမှုဖြစ်သလို မျိုးဆက်အနုပညာစီးဆင်းမှုလည်းဖြစ်တာမို့ ထူးခြားတဲ့ ပန်းချီပြပွဲ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ရွှေတိဂုံစေတီတော် တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်း ပုလဲရတု

ရွှေတိဂုံစေတီတော် တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်း၏ သြဝါဒါစရိယ ဆူးခါးပရိယတ္တိ စာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိတ အရှင်သူမြတ်၏ သက်တော် ၇၈နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာပွဲ၊ တနင်္ဂနွေ(ညနေ)သန့်ရှင်းရေးအသင်း တည်ထောင်ခြင်း နှစ်(၃၀)ပြည့် ပုလဲရတုအခမ်းအနား၊ ပထမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားနှင့် ရွှေတိဂုံစေတီတော်ကြီး တနင်္ဂနွေ (ညနေ) သန့်ရှင်းရေးအသင်း၏ ပုလဲရတု အထိမ်းအမှတ်အဖြစ် စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဇနိတနှင့် ရွှေတိဂုံစေတီရင်ပြင် တနင်္ဂနွေ(ညနေ) သန့်ရှင်းရေးအသင်းမှ အသင်းသူ အသင်းသားများ စုပေါင်းပြီး ငွေကျပ် ၁၅၆၀၀၀၀တန်ဖိုးရှိ ရွှေပြား ရွှေသင်္ကန်း ရေစက်ချပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဆူးခါး ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည် ဖြစ်သည်။ **(က-ပ)**

ဘိုးဘွားများအား တိုင်းရင်းဆေးဖြင့် ကုသပေး

ချင်းပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဟားခါးမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်း များသည် ဇန်နဝါရီ ၂၂ရက် နံနက် ၁၁နာရီက ဟားခါးမြို့ပေါ်ရှိ ဗေသလ ဘိုးဘွားရိပ်သာတွင် ဘိုးဘွားများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့ပြီး တိုင်းရင်းဆေးဝါးများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်

ချင်းပြည်နယ် တီးတိန်မြို့နယ် ကပ်တဲလ်ကျေးရွာ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သော ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဇန်နဝါရီ ၂၂ရက်ကအမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နေ့စဉ်ထုတ် သတင်းစာနှင့် စာအုပ်များလှူဒါန်း

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် စာအုပ်များ ထပ်ဆင့်လှူဒါန်းပွဲနှင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက ကျောက်ဆည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေက စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ ကျောက်ဆည်မြို့နယ် ဦးစီးမှူးများသို့ ထပ်ဆင့်လှူဒါန်းကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

အောင်လံ၌ လက်နှိပ်တုံကင် တပ်ဆင်

အောင်လံမြို့နယ် မအူခုံကျေးရွာတွင် လက်တူးတွင်းတူးဖော်ခြင်းနှင့် လက်နှိပ်တုံကင်တပ်ဆင်ခြင်းလုပ်ငန်းကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင် ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အရန်မီးသတ်သင်တန်းဆင်းပွဲ ဖြူးမြို့၌ကျင်းပ

ပဲခူးတိုင်း ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖွင့်လှစ်ခဲ့သော အရန်မီးသတ်သင်တန်း (၂/၂၀၀၇)သင်တန်းဆင်းပွဲကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀နာရီက ဇေယျဝတီဒေသ လယ်ပြင်ကြီးကျေးရွာ အမက၌ ကျင်းပရာ ဖြူးမြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးငြိမ်းက အမှာစကားပြောကြားပြီး သင်တန်းသား ၆၃ဦးတို့အား သင်တန်းဆင်းလက်မှတ်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးငြိမ်းနှင့် ဇေယျဝတီမီးသတ်တပ်ဖွဲ့ တာဝန်ခံ ဦးသန်းဌေးတို့က ပေးအပ်ကြသည်။ (၂၆၄)

ရေဦးစည်ပင် ကတ္တရာထပ်ပိုးလွှာခင်း

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် မင်းရဲကျော်စွာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ခင်ထားမြင့်က ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်ဖြစ်သည့် အသုံးချဆော့ဖ်ဝဲ ဈေးကွက်နှင့် မိတ်ဆက်ပွဲ

မေးမြန်းစေ့ငုသူ – ချစ်စိုးနိုင်
ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ယခုမျက်မှောက်ခေတ်သည် အိုင်တီနည်းပညာများ အံ့မခန်းဖွံ့ဖြိုးတိုးတက်နေသော ခေတ်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အမီလိုက်နိုင်ရန် ကြိုးစားနေသကဲ့သို့ မြန်မာနိုင်ငံသည်လည်း ခေတ်နောက်ကျ ကျန်ရစ်မနေစေရန် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအာရုံစိုက် အကောင်အထည်ဖော်လျက်ရှိသည်။

ပြီးခဲ့သော ဇန်နဝါရီ ၂၆ ရက်က အိုင်တီနည်းပညာအသုံးချမှု၏ တစ်စိတ်တစ်ဒေသဖြစ်သည့် "Software Application Product Launch Seminar"ကို ချိုချိုကုမ္ပဏီက ဦးစီးကျင်းပပြီး Myanmar Accountancy & Training Ltd နှင့် Design Printing Service တို့ ပူးပေါင်းပါဝင်၍ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်သတင်းရယူခဲ့ပါသည်။ ဆော့ဖ်ဝဲသုံးမျိုးကို ဈေးကွက်နှင့် စတင်မိတ်ဆက်သည့် ပွဲပင်ဖြစ်သည်။ ယင်းပွဲအပြီးတွင် အဆိုပါ ဆော့ဖ်ဝဲ သုံးမျိုး၏ အသုံးဝင်ပုံ၊ အသုံးပြုနည်း စနစ်များကို မြန်မာ့အလင်း သတင်းအဖွဲ့က ချိုချိုကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးဝေဖြိုးလင်းအား စေ့ငုခဲ့သည်။

ဝန်ထမ်းကတ်ကို Barcode Card Reader ပေါ်တွင် ကပ်ပြီးနောက် ကွန်ပျူတာတွင် မှတ်တမ်းတင်ထားစဉ်။

မေး–"အခု အသုံးချဆော့ဖ်ဝဲ မိတ်ဆက်ပွဲမှာ ပြထားတဲ့ ဆော့ဖ်ဝဲက သုံးမျိုးနော်"

ဖြေ–"ဟုတ်ပါတယ်"

မေး–"အဲဒီဆော့ဖ်ဝဲ သုံးမျိုးရဲ့ အမည်ကို စေ့စေ့စုံစုံ သိပါရစေ"

ဖြေ–"အဲဒီဆော့ဖ်ဝဲသုံးမျိုးကတော့ အိမ်နဲ့ လုပ်ငန်းလုံခြုံရေးစနစ်သုံး ဆော့ဖ်ဝဲ၊ ဝန်ထမ်းတွေ အလုပ်တက်ချိန်၊ ဆင်းချိန်နဲ့ လစာစီမံခန့်ခွဲတဲ့ စနစ်သုံး ဆော့ဖ်ဝဲနဲ့ မြို့တွင်းခရီးသွား လမ်းမှတ်တမ်းစနစ်သုံး ဆော့ဖ်ဝဲတွေ ဖြစ်ပါတယ်"

မေး–"အိမ်နဲ့ လုပ်ငန်းလုံခြုံရေးစနစ်သုံး ဆော့ဖ်ဝဲရဲ့ အသုံးဝင်ပုံနဲ့ အသုံးပြုနည်းစနစ်ကလေးကို သိပါရစေ"

ဖြေ–"ဒီဆော့ဖ်ဝဲကိုသုံးပြီး အိမ်တွေ၊ စက်ရုံတွေမှာ Remote Control နဲ့ ခြံဝင်းတံခါး၊ စက်ရုံတံခါးတွေကို ဖွင့်ပိတ်လို့ရတဲ့ Auto Gate တွေ လုပ်လို့ရပါပြီ။ Sliding တံခါးများတင်မကဘူး။ Swing တံခါးများလည်း တပ်ဆင်အသုံးပြုနိုင်ပါတယ်။ ကိုယ့်အိမ်အတွင်းကနေပဲဖြစ်ဖြစ်၊ ကားအတွင်းကပဲ ဖြစ်ဖြစ် ကိုယ့်ခြံတံခါးကို လွယ်လွယ်ကူကူနဲ့ အဖွင့်အပိတ် လုပ်လို့ ရပါပြီ။ စီစီတီဗွီ စောင့်ကြည့်ရေးကင်မရာနဲ့ လူအဝင် အထွက်ကို မှတ်သားနိုင်ပါတယ်။ ကိုယ့်အိမ်ထဲကို အခွင့်မရှိဘဲ

ချိုချိုကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးဝေဖြိုးလင်း ရှင်းပြစဉ်။

ဝင်တဲ့လူတွေ၊ ကိုယ့်အိမ်သားတွေ၊ ဒါမှမဟုတ် ပတ်ဝန်းကျင်ကလူတွေ သိရှိအောင် အသိပေးနှိုးဆော်တဲ့စနစ် (Home Intrusion Detection Alert System)လည်း ဒီဆော့ဖ်ဝဲထဲမှာ ပါပါတယ်။ အဲဒီ စနစ်ထဲမှာ အိမ်မှာရှိတဲ့ တံခါးတွေ အဖွင့်အပိတ်ကို စောင့်ကြည့်ပေးနိုင်တဲ့ ကိရိယာ (Magnetic Door Contact)၊ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ အလင်းတန်းနဲ့ ကာဆီးစောင့်ကြပ်ထားတဲ့ ကိရိယာ (Infrared Photo Bean Sensor)၊ အချက်ပေးနိုင်တဲ့ ကိရိယာ (Active Strobe Light Siren)၊ နေအိမ်အတွင်း လှုပ်ရှားမှုတွေကို စောင့်ကြပ်ပေးနိုင် တဲ့ကိရိယာ (In-door Motion Sensor)၊ နေအိမ်ပြင်ပ လှုပ်ရှားမှုတွေကို စောင့်ကြပ်ပေးနိုင်တဲ့ ကိရိယာ (Outdoor Motion Sensor)၊ မီးခိုးငွေ့ကို ထောက်လှမ်းပေးနိုင်တဲ့ ကိရိယာ (Smoke Detector)၊ အဲဒီ ကိရိယာတွေ အားလုံးရဲ့ အဖွင့်အပိတ်ကို ထိန်းချုပ်ပေးတဲ့ကိရိယာ (Key Pad Control)တွေ ပါဝင်ပါတယ်။ အဲဒီ Detector တွေကို Control Box နဲ့ ဆက်သွယ်ထားပြီး Key Pad Control ကနေ တစ်ဆင့် လွယ်လွယ်ကူကူနဲ့ ထိန်းချုပ် စောင့်ကြပ်လိုတဲ့ နေရာအလိုက် သတ်မှတ်နိုင်ပါတယ်။ အဲဒီ နေရာတွေမှာရှိတဲ့ Detectors တွေကတစ်ဆင့် အခွင့်မရှိဘဲ ဝင်ရောက်မှုတွေ၊ မသမာမှုတွေကို ထောက်လှမ်းမိရင် အချက်ပေးစနစ် Alarm ထွက်ပေါ်လာတဲ့အတွက် ပတ်ဝန်းကျင်နဲ့ အိမ်သူ အိမ်သားတွေကို သတိပေးနိုင်တဲ့ စနစ်ဖြစ်ပါတယ်"

မြို့တွင်းခရီးသွား လမ်းမှတ်တမ်းစနစ်တွင် အသုံးပြုရမည့် GPS ကိရိယာကို တွေ့ရစဉ်။

မေး–"ဝန်ထမ်းတွေ အလုပ်တက်ချိန်၊ ဆင်းချိန်နဲ့ လစာစီမံခန့်ခွဲတဲ့စနစ်သုံး ဆော့ဖ်ဝဲအကြောင်းကိုလည်း ရှင်းပြပေးစေချင်ပါတယ်"

ဖြေ–"ဒီဝန်ထမ်းတွေ အလုပ်တက်ချိန်၊ ဆင်းချိန်နဲ့ လစာစီမံခန့်ခွဲတဲ့စနစ် (Employee Time Attendance & Payroll Management System) ကို SiDA Technology က ဖန်တီး ရေးဆွဲခဲ့ပါတယ်။ ဒီစနစ်ဟာ ကုမ္ပဏီ အဖွဲ့အစည်းတွေမှာ မရှိမဖြစ်လိုအပ်တဲ့ ဝန်ထမ်းတွေရဲ့ အလုပ်တက်/ဆင်းချိန်တွေကို စောင့်ကြပ်နိုင်တယ်။ Barcode Card Reader နဲ့ Web Cam တွေကိုသုံးပြီး စောင့်ကြပ်နိုင်တယ်။ ဝန်ထမ်းများရဲ့ လစာနဲ့ အချိန်ပိုလုပ်ခတွေကို လွယ်လွယ်ကူကူ တွက်ချက်ပေးနိုင်တယ်။ ဝန်ထမ်းရေးရာနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှုတွေကို အချိန်တိုအတွင်းမှာ အလွယ်တကူ ဆောင်ရွက်ပြီးစီးစေနိုင်တဲ့ စနစ်တစ်ခုဖြစ်ပါတယ်။ ဒီစနစ်ရဲ့ ပထမပိုင်းဖြစ်တဲ့ ဝန်ထမ်းအလုပ်တက်/ဆင်း စီမံခန့်ခွဲရေးစနစ် (Employee Time Attendance Management)ကို သုံးပြီးတော့ အဖွဲ့အစည်းတွေ အနေနဲ့ ဝန်ထမ်းတွေရဲ့ ခွင့်ရက်တွေကို စီမံနိုင်တယ်။ အလုပ်ချိန်ကို စိတ်ကြိုက် သတ်မှတ်နိုင်တယ်။ အလုပ်တက်၊ အလုပ်ဆင်းချိန်တွေကို စောင့်ကြပ်နိုင်တယ်။ အလုပ်တက် / ဆင်း ဝန်ထမ်းစာရင်း၊ အလုပ်နောက်ကျတဲ့ ဝန်ထမ်းစာရင်း၊ အလုပ်ပျက်တဲ့ ဝန်ထမ်းစာရင်း၊ ခွင့်ယူတဲ့ ဝန်ထမ်းစာရင်းတွေကို ထုတ်ပေးနိုင်သလို အလုပ်တက် /ဆင်း ဝန်ထမ်းတွေကို Web Cam က ဖမ်းယူထားတဲ့ ပုံတွေနဲ့ စစ်ဆေးနိုင်ပါတယ်။ ဒုတိယအပိုင်းဖြစ်တဲ့ လစာစီမံခန့်ခွဲတဲ့စနစ် (Payroll Management) ကို သုံးပြီးတော့ ဝန်ထမ်းတွေရဲ့လစာတွေ၊ အချိန်ပိုလုပ်အားခတွေကို တွက်ချက်ပေးနိုင်ပါတယ်"

စက်ရုံအလုပ်များ၊ အဖွဲ့အစည်းများတွင် ဝန်ထမ်းအဝင်အထွက်စာရင်းကို မှတ်တမ်းတင်ရန်အတွက် စက်ရုံများ၊ နေအိမ်များ၏ အဝင်အထွက်ပေါက်တွင် တွဲဖက် ထားရှိရမည့် စက်နှင့် ကွန်ပျူတာတို့ကို တွေ့ရစဉ်။

မေး–"ကွန်ပျူတာမှာ တပ်ဆင်ထားတဲ့ ဒီဆော့ဖ်ဝဲနဲ့ အလုပ်မှာ ဝန်ထမ်းတွေရဲ့ အဝင်အထွက်တွေကို ဘယ်လို စစ်ဆေးတယ်ဆိုတာ သိပါရစေ"

ဖြေ–"ကွန်ပျူတာမှာ တပ်ဆင်ထားတဲ့ Barcode Card Reader မှာ ဝန်ထမ်းကတ်တွေကို တင်လိုက်တာနဲ့ သူတို့ရဲ့ပုံ၊ ကတ်အမှတ်၊ အလုပ်ဝင်ချိန်၊ အလုပ်ထွက်ချိန်တွေကို မှတ်ထားနိုင်မှာဖြစ်သလို ဂိတ်တံခါးလဲ ဖွင့်ပေးမှာဖြစ်ပါတယ်"

မေး–"မြို့တွင်း ခရီးသွားလမ်းမှတ်တမ်း စနစ်ရဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ ရှင်းပြပေးစေချင်ပါတယ်"

ဖြေ–"မြို့တွင်းခရီးသွားလမ်းမှတ်တမ်းစနစ် [Route Track System (RTS)] ဆိုတာကတော့ GPS ကိရိယာကို မော်တော်ယာဉ်ပေါ်မှာ တပ်ဆင်မောင်းနှင်ပြီး ပြန်ရောက်တဲ့အခါမှာ အဲဒီ GPS ကိရိယာကို ကွန်ပျူတာနဲ့ ချိတ်ဆက်ပြီး မော်တော်ယာဉ် သွားလာခဲ့တဲ့ လမ်းကြောင်းကို သက်ဆိုင်ရာ မြေပုံပေါ်မှာ ပြန်လည်ကြည့်ရှု စစ်ဆေးနိုင်မယ့် စနစ်ပါပဲ။ ဒီစနစ်ကိုသုံးပြီး လုပ်ငန်းရှင်တွေရဲ့ မော်တော်ယာဉ်တွေအတွက် လောင်စာဆီသုံးစွဲမှုကို ထိထိရောက်ရောက် ထိန်းကြပ်ကွပ်ကဲပေးနိုင်သလို ယာဉ်မောင်းတွေရဲ့ လှုပ်ရှားမှုကိုလည်း စောင့်ကြပ်ပေးနိုင်ပါတယ်"

မေး–"ဒီစနစ်ကို ဘယ်နေရာတွေမှာ အသုံးပြုသင့်ပါသလဲ"

ဖြေ–"မော်တော်ယာဉ်ပိုင်ရှင်တွေ၊ မော်တော်ယာဉ်နဲ့ ကုန်ပစ္စည်းဖြန့်ချိတဲ့ လုပ်ငန်းတွေ၊ မော်တော်ယာဉ် အသုံးပြုတဲ့ စက်ရုံတွေ၊ ကုမ္ပဏီလုပ်ငန်းတွေနဲ့ အဖွဲ့အစည်းတွေမှာ အသုံးပြုသင့်ပါတယ်"

မွှာသောက အင်းဝရာဇာ ဆက်လက်ပြသ
လူငယ်သင်ခန်းစာပေး GAME ကစားပွဲ ရုံဝင်လာ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ယခုသောကြာပတ်တွင် ဇာတ်ညွှန်းနှင့် ဒါရိုက်တာကိုအောင်မင်းသိမ်း၏ **မွှာသောက အင်းဝရာဇာ** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများနှင့် နဝဒေးရုံတွင် ဆက်လက် တင်ဆက်ပြသနေဆဲ ဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

ရွှေဆောင်ရုံတွင် Transformers ဇာတ်ကား ပြသနေပြီး နေပြည်တော်ရုံတွင် Hit Man ဇာတ်ကားဖြင့် ဖျော်ဖြေလျက်ရှိသည်။

ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်၏ **မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်** ဇာတ်ကားမှာ မြရတနာရုံနှင့် လှိုင်သာယာရုံများတွင် ဆက်လက် အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

Jeh Raaste Hain အိန္ဒိယဇာတ်ကားမှာ ဆုထူးပန်ရုံတွင် ပြသနေပြီး အာဂျေးဒေ့ဂန်၊ ဆန်နီဒိုးလ်နှင့် မင်းသမီးချော မဒူရီဒစ်ရှက်၊ ပရီတီးဇင်းဒါးတို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဘုရင့်ရုံတွင် မင်းကိုမေ့လို့မရဘူး အမည်ရ Tumko Nabhool Paavenge အိန္ဒိယဇာတ်ကား ရုံဝင်လာသည့် အက်ရှင်ဇာတ်ကားဖြစ်သည်။ တန်းမြင့်မြို့မရုံတွင် AK-47 ဇာတ်ကားတစ်ကျော့ပြန် ရုံဝင်လာသည်။ ဤဇာတ်ကားတွင် အော်ဒစ်ယာဆင့်ချ်၊ ရှိတယ်ဘာဇီရှိ၊ အာရေးဗီယာသီတို့ ပါဝင်သရုပ်ဆောင်ထားသည့် အချစ်ဇာတ်ကြမ်းကားဖြစ်သည်။

ဇာတ်လမ်းနှင့် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် Game ကစားပွဲ အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံတွင် ရုံဝင်လာသည်။ လူငယ်တို့၏ ချစ်ခြင်းမေတ္တာဘွဲ့ဇာတ်လမ်းကို သမားရိုးကျ ချစ်ကြိုက်ညားကွဲ ဇာတ်လမ်းမျိုးမဟုတ်ဘဲ တင်ပြပုံ ဆန်းသစ်ထားသော သည်းထိတ်ရင်ဖို အချစ်ဇာတ်လမ်းဖြစ်သည်။ ဘဝ၏ အရေးကြီးသော အစိတ်အပိုင်းများကို ကစားပွဲတစ်ခုသဖွယ် ပေါ့တန်စွာသဘောထား၍ မကစားသင့်ကြောင်း ဘဝသင်ခန်းစာ ပေးထားသည်။

ကစားပွဲဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်၊ ဝါးခယ်မရဲမောင်၊ ဟက်ကက်နှင့် သက်မွန်မြင့်တို့၏ ဇာတ်ဝင်ခန်း။

အောင်ပွဲဆက်နှင့် ကြယ်စင်မှူးတို့မှာ ငယ်စဉ်ကပင် အတူနေအတူစား အတူကစားလာသူများဖြစ်၍ သံယောဇဉ် ကြီးကြသူများ ဖြစ်ကြသည်။ သူတို့နှစ်ဦး ဘွဲ့ယူချိန်တွင် အောင်ပွဲဆက်၏ ဖခင်ဖြစ်သူက နောက်အိမ်ထောင်သစ်နှင့် အတူ မြန်မာပြည်သို့ ခဏပြန်ရောက်လာသည်။ ဖခင်ဖြစ်သူ၏ နောက်အိမ်ထောင်တွင် အောင်ပွဲဆက်နှင့် ရွယ်တူ ခန့်လူဗိုဆိုသော သားတစ်ယောက်ပါလာခဲ့သည်။ ခန့်လူဗိုမှာ နိုင်ငံခြားတွင် ဂိမ်းများကို ဖန်တီးတည်ဆောက်နေသူ တစ်ဦးဖြစ်ရာ အောင်ပွဲဆက်နှင့် ကြယ်စင်တို့အတွက် ဝါသနာတူတစ်ဦး ထပ်မံတိုးလာသည်။

ဒီကောင်ဘယ်သူတုန်း ဇာတ်ကားမှ။

အောင်ပွဲဆက်၏ ဖခင်နှင့် ခန့်လူဗို၏ မိခင်တို့ နိုင်ငံခြားပြန်ကြသောအခါ ခန့်လူဗိုက အောင်ပွဲတို့နှင့်အတူ အပျော်တမ်း ကစားပွဲလေးများ အတူကစားရန် ကျန်ရစ်ခဲ့သည်။ ကျန်ရစ်ခဲ့သော ခန့်လူဗိုနှင့် အောင်ပွဲဆက်တို့နှစ်ဦးက ကြယ်စင်မှူးတစ်ဦးတည်းကို ချစ်မိကြလေသောအခါ ကြယ်စင်မှူးအား ချစ်ရေးဆိုမှုကို ဂိမ်းတစ်ခုလို သဘောထားကစားရာမှ မမျှော်လင့်သော အဖြစ်များနှင့် ရင်ဆိုင်ရကာ ကြေကွဲဝမ်းနည်းဖွယ် အဖြစ်ဆိုးနှင့် ကြုံရပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည်။ ယနေ့ခေတ် လူငယ်လူရွယ် ဂိမ်းဝါသနာရှင်တိုင်း ကြည့်သင့်သည့် ဇာတ်ကားဖြစ်သည်။

မြေနီကုန်း အဆင့်မြင့်ရတနာပုံရုံတွင် ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးပြီး နေတိုး၊ အိန္ဒြာကျော်ဇင်၊ မော့စ်တို့ ပါဝင်သရုပ်ဆောင်ထားသော **ဒီကောင်ဘယ်သူတုန်း** ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ရတနာပုံရုံတွင် နေ့စဉ် လေးပွဲပြသမည် ဖြစ်သည်။

ဒါရိုက်တာ အောင်ဇပါဝါ ရေးညွှန်းရိုက်ကူးသည့် **ရေငုံနှုတ်ပိတ်** အဆင့်မြင့် ဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ဆက်လက်တင်ဆက်လျက်ရှိသည်။ ကျေးလက်ဟာသ သဘာဝ အချစ်ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် **ဒေါ်ရင်ရင် (မြင်းခြံ–ရွှေပြည်စိုး)**အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။ နိုင်ငံတော်အကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ဦးအောင်နိုင်–မဌေးဌေးခိုင်
ရွှေပြည်စိုးမိသားစု
သံတွဲမြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမှတ် ၂၁၆/၂၂၀၊ ၂၇ လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဦးသာထွန်းဦး(C/E)–ဒေါ်နှင်းအေးချိုတို့၏ တူသား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၂၀၇၊ ၅ လွှာ၊ ကျိုက္ကဆံလမ်းနေ (ဦးသာထွန်း◌ံ)–ဒေါ်ဘူမတို့၏ သားကြီး

မောင်သိန်းဟန်ထွန်း
2nd Mate(F.G), (Liz star Enterprise Co.,Ltd.)

နှင့်

စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်၊ အမှတ် ၉၂၊ ဝင်္ဂဘာလမ်းနေ ဦးမောင်ဦးသာ(ရတနာဆိုင်ပိုင်ရှင်)–ဒေါ်လှမြညိုတို့၏ သမီးကြီး

မကျော့ကျော့
B.Sc(Q), M.Sc(Maths)

တို့သည် ၂၄–၁–၂၀၀၈ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သိန်းဟန်ထွန်း–မကျော့ကျော့။

အမည်ဖြည့်စွက်ခြင်း

အဖ ဦးကေအရာဟူး၏သား ရန်ကုန်မြို့၊ B.E (Mechanical-2007) T.T.U သန်လျင်မှ မောင်အောင်ထွန်းအား မောင်ခရစ်စနားဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်ခရစ်စနား(ခ)မောင်အောင်ထွန်း။

အမည်ပြောင်း

အဖဦးစန်းဝင်းထွေး၏သမီး သာကေတ အလက(၃) အဌမတန်း(က)မှ မသက်ခိုင်ဦး အားယနေ့မှစ၍ မစောသီရိထွန်းဟု ပြောင်းလဲ ခေါ်ပါရန်။

စောသီရိထွန်း။

ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော် ☺ ပြည်လုံးချမ်းသာ

မိသားစုထီဆိုင်ကြီး နှစ်သစ်ကူးမင်္ဂလာသတင်းကောင်း

(၂၂၉)ကြိမ်မြောက် **ကျပ်သိန်း 500 အထူးဆုကြီးကို ထ 744163** ဖြင့်

၂၀၀၈–ခု နှစ်သစ်ကူးမင်္ဂလာအချိန်မှာ နှစ်ကြိမ်ဆက်တိုက်(တတိယအကြိမ်)

ဦးဦးဖျားဖျား ထူးထူးခြားခြား ထပ်မံဆွတ်ခူးရရှိသွားကြောင်း မင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။

အမြန်ဆက်သွယ်ပါ

ကိုကျော်လွင်ဦး ၁၂/သဃက(နိုင်) ၀၀၇၇၁၇ လုပ်ငန်းကိစ္စများ အတွက် အမြန်ဆုံး ဆက်သွယ်ပါ။

ဖုန်း–၀၉–၅၁–၅၁၆၄၂၊ ၀၉–၅၀၂၇၄၉၃။

အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ မြို့မ အနောက် ၃လမ်းနေ ဦးစောစံထွန်း ၇/တငန(နိုင်)၀၄၁၈၈၅၏ သမီးဖြစ်သူ မမေသက်မာထွန်း ၇/ဖမန(နိုင်) ၁၆၈၉၈၂သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏ဆန္ဒဖြင့် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဦးစောစံထွန်း
၇/တငန(နိုင်)၀၄၁၈၈၅။



အမည်ဖြည့်စွက်ခြင်း

အဖ ဦးချစ်ခင်၏ သမီးဖြစ်သူ မအေးအေး ၁၂/ရပသ(နိုင်) ၀၃၁၈၇၂အား မအေးအေး(ခ) မအေးအေးခင်ဟု အမည်ဖြည့်စွက် ခေါ်ပါရန်။ **မအေးအေး(ခ)မအေးအေးခင်။**

သာသနာကျော်ဆွာ သုသာန်စောင့်မဖဲဝါ

သားသမီးပညာရေးအတွက် ACA မှာ စိတ်ချရတယ်

ACA

ပညာရိပ်ငြိမ်

(၁၉၈၃ခုနှစ်တွင် စတင်တည်ထောင်သည်)

- ACA ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ဆုနှင်းသဘင်
  - နေ့ရက် ။ ။ ၁၃–၂–၂၀၀၈ရက်(ဗုဒ္ဓဟူးနေ့)
  - အချိန် ။ ။ မွန်းလွဲ ၂ နာရီ မှ ၅ နာရီ
  - နေရာ ။ ။ I.B.C. ခန်းမ၊ ပြည်လမ်း၊ ရန်ကုန်မြို့

(တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်အားလုံး တက်ရောက်ကြပါရန်)

- ၂၀၀၈–၂၀၀၉ ပညာသင်နှစ်အတွက် စာရင်းသွင်းနိုင်ကြပါပြီ။
- ဖုန်း–၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ၀၉ ၈၀ ၂၀၄၀၀၊ ၀၉ ၅၀ ၁၂၇၁၃၊ ၀၉ ၉၉ ၇၀၆၄၂
- http://www.aca-educentre.com e-mail: aungchoaye@mail4u.com.mm

၁၄၀၊ ဥက္ကာ(၅)လမ်း၊ (ဂ)ရပ်ကွက်၊ ဆေး(၂)ရှေ့၊ မြောက်ဥက္ကလာပမြို့။

သဲအင်းဂူ(မှော်ဘီ) ဓုတင်နယ်မြေအတွက်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မူလသဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် အားထုတ်လျက်ရှိသော သဲအင်းဂူဝိပဿနာတရားများကို ဓုတင်ပဋိပတ်အကျင့်မြတ်များနှင့် တွဲဖက်အားထုတ်နိုင်ရန် ရည်ရွယ်၍ ကျောင်းတိုက်၏ အကျယ်အဝန်း ဧက၇၀မှ မူလသဲအင်းဂူ ဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ဓာတ်တော်မြုံစေတီ ပတ်လည်ရှိ သာသနာ့မြေ၁၄ဧကကို ဓုတင်နယ်မြေအဖြစ် သီးခြား သတ်မှတ်၍ ဆောင်ရွက်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း– ၆၂၀၀၁၉ နှင့် ၀၉–၅၀–၃၈၅၂၆တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

သီရိခေတ္တရာဂေါက်ကွင်းတွင် တစ်ချက်တည်း ကျင်းဝင်ခဲ့

ပြည် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ သီရိခေတ္တရာဂေါက်ကွင်းတွင် ဇန်နဝါရီ ၁၈ရက် ညနေက ဦးတင်မျိုး(မန်နေဂျာ၊ မြန်မာ့ရွှေသရဖူကုမ္ပဏီ)သည် ကစားသမားများဖြစ်ကြသော ဦးနေလင်းထွန်း(ဒါရိုက်တာ မြန်မာ့ရွှေသရဖူကုမ္ပဏီ)၊ ဦးဌေးဝင်း(ရွှေညော့်သည်မိုတယ်၊ ရွှေတောင်မြို့)နှင့် ဒုအရာခံဗိုလ် မျိုးသန့်တို့နှင့်အတူ ကျင်းအမှတ်(၂)သို့ ၁၅၈ကိုက်အကွာမှ ဂေါက်သီးအမျိုးအစား Sirxon - 1ကို King Cobra အမျိုးအစားတုတ်နံပါတ်(၇)ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က–ပ)**

ဖခင်ကြီးဦးဘိုနီအား ရည်စူး၍ သာကေတ မြို့နယ် ဆ/တောင်(၁၀) ရပ်ကွက် မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဒေါက်တာအရှင်ကောဝိဒ(ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနတက္ကသီလ ဓမ္မာစရိယ) (B.A, M.A, Ph.D)နှင့် မယ်တော်ကြီးတို့က မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်း လှူဒါန်းရာ မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းထိန်နှင့် ဘဏ္ဍာရေးမှူး ဦးကျော်ဇောတို့က လက်ခံ ရယူစဉ်။ (က–ပ)

ရေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်း ၃ လမ်း ခေမာရာမ သီလရှင်စာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။ အသက်(၇၅) နှစ်အထက် အသင်းဝင်များ၊ အသင်းဝင် မိဘများနှင့် ၂၀၀၆–၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသော အသင်းဝင်တို့၏ သားသမီးများကို အမှတ်စာရင်း အပြည့်အစုံဖြင့် နီးစပ်ရာ အမှုဆောင်များနှင့် ဥက္ကဋ္ဌ ဦးဝါရှိန် ဖုန်း–၂၅၀၃၃၂၊ အတွင်းရေးမှူး ဦးဖေအောင် ဖုန်း–၅၇၀၀၆၂၊ တွဲဖက် အတွင်းရေးမှူး ဦးဝင်းတင် ဖုန်း–၅၇၂၅၄၂၊ တွဲဖက် အတွင်းရေးမှူး ဦးသက်ဝေ ဖုန်း–၅၄၈၃၇၅ တို့သို့ ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် နှင့် ရန်ကုန်ရောက် ရေးမြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါ နှင့် ကလေးကင်ဆာရောဂါ အကြောင်း ဟောပြောပွဲနှင့် ထောက်ပံ့ပွဲကို ဇန်နဝါရီ ၂၇ ရက်က ဆရာစံတောင်(စံပြ) ရပ်ကွက်တွင်ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးမြင့် ဟောပြောစဉ်။ (က–ပ)

နိုင်ငံတစ်ဝန်း စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ

စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

မိတ္ထီလာ ဇန်နဝါရီ ၁၈

မိတ္ထီလာမြို့နယ် ကြွယ်ကန်ကျေးရွာအုပ်စုရှိ ကြွယ်ကန်ကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ ထနောင်းအိုင်ကျေးရွာ၊ ညောင်အိုင်ကျေးရွာ၊ သက်ငယ်ကျင်းကျေးရွာ၊ ညောင်ပင်သာ(တောင်/မြောက်)ကျေးရွာနှင့် သဘွတ်ကုန်းကျေးရွာတို့၏ ကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်များ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀နာရီက ကြွယ်ကန်ကျေးရွာအုပ်စုရှိ ညောင်အိုင်ကျေးရွာ အလင်းရောင်စာကြည့်တိုက်၊ ထနောင်းအိုင်ကျေးရွာ ပညာ့ဗိမာန်စာကြည့်တိုက်၊ မကျီးကုန်းကျေးရွာ ဗိုလ်လရောင်စာကြည့်တိုက်၊ ညောင်ပင်သာကျေးရွာ ပညာ့ဥယျာဉ်စာကြည့်တိုက်၊ သက်ငယ်ကျင်းကျေးရွာ ဝင်းနားလိုက်စာကြည့်တိုက်နှင့် သဘွတ်ကုန်းကျေးရွာ ပညာ့ဗိမာန်စာကြည့်တိုက်တို့၌ ကျင်းပသည်။

အခမ်းအနားတွင် ကြွယ်ကန်ကျေးရွာအုပ်စုအားလုံး၏ကိုယ်စား ကြွယ်ကန်ကျေးရွာရှိ ပညာပျိုးခင်း စာကြည့်တိုက်ရှေ့၌ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခင်မောင်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မိတ္ထီလာမြို့နယ် ဥက္ကဋ္ဌဦးအောင်မြင့်ကအဖွင့်အမှာစကား ပြောကြားပြီး ကြွယ်ကန်ကျေးရွာ အုပ်စု ဥက္ကဋ္ဌဦးခင်မောင်ရှိန်က စာကြည့်တိုက်များအကြောင်း ရှင်းလင်းတင်ပြသည်။

လွှဲပြောင်း

ထို့နောက် ကြွယ်ကန်ကျေးရွာအုပ်စုရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်များနှင့်ဆိုင်သော စာရွက်စာတမ်းများကို ကြွယ်ကန်ကျေးရွာအုပ်စု ဥက္ကဋ္ဌက ခရိုင်ဦးစီးအရာရှိထံ လွှဲပြောင်း ပေးအပ်သည်။ **(ဝ၇၈)**

ကျောက်ဖြူမြို့နယ် ချောင်းဝကျေးရွာအုပ်စု ကာလဘာကျေးရွာ နှလုံးလှကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ကော်မတီနာယက အရှင်ဦးဓမ္မသိရီ၊ ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိန်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းနုတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၇ရက်က အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်၌ကျင်းပရာ ကျောင်းသား ကျောင်းသူများက သုတ၊ရသစာအုပ်များကို ဖတ်ရှုလေ့လာကြပြီး ကဏ္ဍများအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နေဝန်းနီစာကြည့်တိုက်အဆောက်အအုံဖွင့် သုတ၊ ရသမဂ္ဂဇင်းနှင့် ဂျာနယ်များလှူဒါန်း

အင်းတော် ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု နားခါးရွာ နေဝန်းနီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက်၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်သီဟနှင့် လယ်ပြင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးရန်အေးတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးလှဝေ၊ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူးတို့က နေဝန်းနီစာကြည့်တိုက်သို့ ငွေကျပ်တစ်သောင်းစီနှင့်စာအုပ်အလှူရှင်များက သုတ၊ ရသ မဂ္ဂဇင်းနှင့် ဂျာနယ်၊ စာအုပ်များကိုလှူဒါန်းပေးအပ်ကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက လက်ခံရယူကြောင်း သိရသည်။ **(၁၃၃)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မဂ္ဂဇင်းနှင့် ဂျာနယ်များ လှူဒါန်း

မကွေး ဇန်နဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည် မကွေးတိုင်း လက်ထောက်ညွှန်ကြား ရေးမှူး ဦးဝေလင်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်လွင်တို့ လိုက်ပါလျက် ဒီဇင်ဘာ ၂၈ရက်က နတ်မောက်မြို့သစ်တောင်တွင်းကြီးမြို့နယ်ရုံးများသို့ သွားရောက်ပြီး မြို့နယ်ဦးစီးမှူးများနှင့်ဝန်ထမ်းများအားတွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုမှာကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က သုတ၊ ရသ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၅ရက်က ရွှေတောင်မြို့၌ ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေး (ငွေလုံးငွေရင်း)လုပ်ငန်းမှ ကမ်းတင်ကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၃) ဦးရဲနောင် တာဝန်ယူ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေစင်နှင့် ရေစည်ဆောက်ရန် ပန္နက်ရိုက်

ကျောက်ကုန်း ဇန်နဝါရီ ၂၀

ယူနီဆက်ဖ်မှ လှူဒါန်းသော ဆိုလာပြားစနစ်ဖြင့် သောက်ရေသန့်ရေတင်ခြင်းတွင် ငွေကျပ် ၁၃သိန်းတန် ကိုယ့်အားကိုယ်ကိုးရေစင်နှင့် ရေစည်ဆောက်လုပ်ရန်အတွက် ပန္နက်ရိုက်အခမ်းအနားကို ဇန်နဝါရီ၁၅ရက် နံနက် ၁၀နာရီက ရောဝတီတိုင်း ကျောက်ကုန်းမြို့နယ် အစုကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ပန္နက်ရိုက်

ထို့နောက် ငွေကျပ် ၁၃သိန်းတန် ကိုယ့်အားကိုယ်ကိုး ရေစင်နှင့်ရေစည် ဆောက်လုပ်မည့်နေရာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ပန္နက်ရိုက်ပေးကြောင်း သိရသည်။ **(၂၆၅)**

ရန်ကုန်တိုင်း စည်ပင် သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြား ရေး မှူး ဦးအေးမြင့် နှင့် အဖွဲ့ ဇန်နဝါရီ ၂၄ ရက်က လှည်းကူးမြို့ ပြည်တော်သာ ရပ်ကွက် ရင်းတိုက် ပင်လမ်း ကတ္တရာ လမ်း ခင်းရန် ကျောက်စီခြင်းကို စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးမျိုးကျော်လတ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကလေးများဖွံ့ဖြိုးမှုပြိုင်ပွဲနှင့် သားကောင်းမိခင် ဆုချီးမြှင့်

ဖီးကုန်း ဇန်နဝါရီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ဖီးကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကလေးများ ဖွံ့ဖြိုးမှုပြိုင်ပွဲနှင့် သားကောင်းမိခင် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်၉နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမတွင်ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ငွေဝင်းက အသင်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာဒေါ်အေးမိုးသက်မြင့်က ပြိုင်ပွဲနှင့်ပတ်သက်သောအကြောင်းအရာများကို ရှင်းလင်းတင်ပြကာ **(အောက်ပုံ)** ဆုရကလေးများနှင့် သားကောင်းမိခင်များကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမ အထူးဈေးရောင်းပွဲတော်ဖွင့်

မန္တလေး ဇန်နဝါရီ ၂၆

(၁၄) နှစ်မြောက် **မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အနောက် ၂၂လမ်းနှင့် ၈၆လမ်းထောင့်၊ ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက် အထူးဈေးရောင်း ပွဲတော်ကို ဇန်နဝါရီ ၂၁ရက် နံနက် ၈နာရီ** က အသင်းဆိုင် ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဒါရိုက်တာ ဥက္ကဋ္ဌ ဦးဘကြည်က နှစ်စဉ် အထူး ဈေးရောင်းပွဲတော် ပြုလုပ်ရခြင်းကို ရှင်းလင်း တင်ပြပြီး အထူး ဈေးရောင်းပွဲကို ဒါရိုက်တာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ **ဝယ်ယူအားပေးနေသော အသင်းသူ အသင်းသားများနှင့် အထူး ဈေးရောင်းချနေမှုကို ဦးစီး အရာရှိ ဦးအောင်ဝင်းတို့က ကြည့်ရှုအားပေးကြသည်။** (ဝ၉ဝ)

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော

မုံရွာ ဇန်နဝါရီ ၂၂

၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို မုံရွာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၁ရက် မွန်းတည့်၁၂နာရီက ကျင်းပသည်။ ရှေးဦးစွာ အမျိုးသားစာပေဆုရ စာရေးဆရာ ဦးချစ်နိုင် (ချစ်နိုင်စိတ်ပညာ)၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပြီး စာရေးဆရာဦးချစ်နိုင်(ချစ်နိုင်စိတ်ပညာ)က လူဖြစ်ရတဲ့ ရည်ရွယ်ချက်အကြောင်းကို လည်းကောင်း၊ အမျိုးသားစာပေဆုရ စာရေးဆရာ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ဘဝမှစာ စာမှဘဝ အစရှိသော ခေါင်းစဉ်ဖြင့် စာပေဗဟုသုတများကို လည်းကောင်း ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျေးရွာပေါင်း ၂၅ ရွာတို့တွင် လက်နှိပ်ရေတွင်းတွင်း ၂၅ တွင်း တူးဖော်ပေးလျက်ရှိရာ တူးဖော်ပြီး ရေတွင်းများ သန့်ရှင်းသော သောက်သုံးရေ ရရှိခြင်းရှိမရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၃) ဦးထွန်းထွန်းဝင်းတို့ လိုက်လံစစ်ဆေးစဉ်။ (၁၅၂)

ဆုချီးမြှင့်

ဗဟန်းမြို့နယ် အမက (၁၀)တွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ ပထမတန်းမှ ဒုတိယဆုရ မောင်ဘုန်းမြတ်ကျော်အားကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (က-ပ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ- ၂၀)
ထားဝယ်ခရိုင်တရားရုံး၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၆

ဒေါ်အေးအေးလဲ့ ရှမ္ဘတွင်းကျေးရွာ ထားဝယ်မြို့။ **နှင့်**
၁။ ဦးသိန်းမြင့် အမှတ် ၂၅၈၊ မြကမ်းသာယာလမ်း ဘုရင့်နောင်ရပ်ကွက်၊ ကော့သောင်းမြို့။
၂။ ဦးအောင်စိန်၊ရှမ္ဘတွင်းရွာ၊ထားဝယ်မြို့။
၃။ ဒေါ်နွဲ့အေး၊ ရှမ္ဘတွင်းရွာ၊ထားဝယ်မြို့။
၄။ဦးမင်းအောင် အမှတ် ၂၅၈၊ မြကမ်းသာယာလမ်း ဘုရင့်နောင်ရပ်ကွက်၊ကော့သောင်းမြို့။
၅။ဦးဘဂျာမင် အမှတ် ၂၅၈၊ မြကမ်းသာယာလမ်း ဘုရင့်နောင်ရပ်ကွက်၊ ကော့သောင်းမြို့။

တရားလို **တရားပြိုင်များ**

ဦးသိန်းမြင့်၊ ဦးမင်းအောင်၊ ဦးဘဂျာမင်(ယခင်) အမှတ် ၂၅၈၊ မြကမ်းသာယာလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ကော့သောင်းမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်အေးအေးလဲ့က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သော သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် (၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဌေးဌေးကြည်
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဝမ်းတွင်းမြို့နယ်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၆၅

ဘဏ်ခွဲမန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဝမ်းတွင်းမြို့။ **နှင့်**
၁။ ဒေါ်လှလှမြင့်
၂။ ဒေါ်အောင်ဆန်းတင်

တရားနိုင် **တရားရှုံးများ**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၇၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၁)ရပ်ကွက် ကွင်းအမှတ်(၁၅၈၂/၂၁၀၉)ပျော်ဘွယ်ရွာမ၊ ဦးပိုင်အမှတ် (၂၄/၅)၊မြေကွက်အမှတ်(၁၈၆/၅၉၉) ဧရိယာ ဝဒသမဝ၅ဧက ရှိမြေ၊

ယင်းမြေပေါ်ရှိ (၂၅X၁၆)ပေ သွပ်မိုး၊ ကွန်ကရစ်ခင်း နှစ်ထပ်တိုက်တွဲလျက် (၁၃ X၁၆)ပေ သွပ်မိုး၊ကွန်ကရစ်ခင်းမီးဖိုချောင်၊ (၄၄X၁၄)ပေ နံကပ်၊သွပ်မိုး၊ ကွန်ကရစ်ခင်းစက်ရုံ၊ (၇X X)ပေ အုတ်ရေကန်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀။
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်စုံတစ်ခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးအေးထွန်း(တ/၂၀၅၇)
တွဲဖက်မြို့နယ်တရားသူကြီး
ဝမ်းတွင်းမြို့နယ်တရားရုံး။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရှမ်းပြည်နယ်တရားရုံး၊တောင်ကြီးမြို့
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၅၁(အမ်)

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ကလောမြို့။ **နှင့်**
၁။ ဦးကြီးမြင့် ၃။ ဦးမောင်မောင်စိန်
၂။ ဒေါ်ကျင်နု
အမှတ်(၄)ရပ်ကွက်၊ ကလောမြို့။

တရားနိုင် **တရားရှုံးများ**

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၉၁/၂၀၀၆တွင်ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ် ၁၀ ရက် (၁၃၆၉ခုနှစ် တပေါင်းလဆန်း ၄ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကလောမြို့ အမှတ်(၄)ရပ်ကွက် အကွက်အမှတ်နှင့်အမည်-၁၂/ဈေးရပ်၊ ဦးပိုင်အမှတ်(၈၁)၊ ဧရိယာ ဝဒသမဝ၃၃ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ တစ်လုံးနှင့် ဆိုင်ခန်းနှစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀ တိတိ။**

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါ အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ဦး
ပြည်နယ်တရားသူကြီး၊ ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၆၇(အမ်)

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ကလောမြို့။ **နှင့်**
၁။ ဦးလှမြင့်
၂။ ဒေါ်မြင့်ရီ
အလယ်ပိုင်း(၃)ရပ်ကွက်၊ဟဲဟိုးမြို့။

တရားနိုင် **တရားရှုံးများ**

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၂/၂၀၀၇ တွင်ရှိသော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ် ၁၂ရက် (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကလောမြို့နယ် ဟဲဟိုးမြို့ အလယ်ပိုင်း(၃)ရပ်ကွက် အကွက်အမှတ်နှင့်အမည်-၁၄/ဟဲဟိုးအနောက်၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ ဝဒသမဝ၃ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက် အဆောက်အအုံ တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀။**

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါအချက်များသည် တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ဦး
ပြည်နယ်တရားသူကြီး၊ ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၇၈

ဘဏ်ခွဲမန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဝမ်းတွင်းမြို့။ **နှင့်**
၁။ ဦးသန်းနိုင်စိုး
၂။ ဒေါ်ချိုချိုမာ

တရားနိုင် **တရားရှုံးများ**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၃တွင်ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့နယ် ရွာတန်းရွာသစ်ရပ် ကွင်းအမှတ်(၁၅၇၈/က) ဇဂျိမ်းကုန်းမြောက်၊ ဦးပိုင်အမှတ်(၃၉/၈၉)၊ မြေကွက်အမှတ်(၁၆၉/၂၈၄)၊ ဧရိယာ ဝဒသမ ၃၇ ဧကရှိမြေကွက်။
၁။ ယင်းမြေပေါ်ရှိ(၂၇X၁၉)ပေ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း နှစ်ထပ်တိုက်။
၂။ (၂၅X၁၇)ပေ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း၊ ရက်ကန်းစက်ရုံ။
၃။ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ် ၉၅သိန်း။
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)၊ မိတ္ထီလာခရိုင်တရားရုံး။

သတိပေးကန့်ကွက်တားမြစ်ခြင်း

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၃-အီး)၊ မြေကွက်အမှတ် (၁၅)ဧရိယာ အကျယ်အဝန်း ပေ ၁၀၀X ပေ ၆၀ရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၂၇၈/၃၀၀) မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဟာဂျီမိရ် ဇာဟာရင်မိရ်ကီးဝကဖ်ကပိုင်ဆိုင်ပြီး ဦးတင်မောင် ၁၂/ပဘတ(နိုင်) ဝ၂ဝ၄ဝဝ၊ ဦးညွန့်ဝင်း ၁၂/လမန(နိုင်)၁၂၂၆ဝ၆နှင့်ဦးသောင်းတင် ၁၂/တမန(နိုင်) ဝ၉၁၈၉၁ တို့သည် ဝကဖ်၏ လက်ရှိတရားဝင် ဂေါပက လူကြီးများ ဖြစ်ပါသည်။ ဦးဇော်နိုင်ဦး ၁၂/ဗဟန(နိုင်)ဝ၃၃၁၉ ဒုတိယဥက္ကဋ္ဌ နိုင်ဂရ(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အမှတ်(၁၁၇/၁၂၇) ၃၃ လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က တရားဝင် စီမံခန့်ခွဲ ခွင့်ရှိသော ဂေါပကလူကြီးများကို အသိမပေးဘဲ လက်ရှိအဆောက်အအုံတွင် နေထိုင်လျက်ရှိသော အိမ်ငှားများနှင့် ရှစ်ခန်းတွဲ၊ ရှစ်ထပ်တိုက် ဆောက်လုပ်ရန် တစ်ဖက်သတ် စာချုပ်ချုပ်ဆိုထားကြောင်း သိရှိရသဖြင့် ဝကဖ်၏ အကျိုးစီးပွားကို မရေမတွက်နိုင်လောက်အောင် နစ်နာရာ နစ်နာကြောင်း သိလျက်နှင့် ဆောင်ရွက်နေခြင်းဖြစ်၍ ဖော်ပြပါ မြေနှင့် အဆောက်အအုံ၏ စီမံခန့်ခွဲခွင့်ရှိသော ဂေါပကလူကြီးများ၏ ခွင့်ပြုချက် မရှိဘဲ တိုက်သစ် ဆောက်လုပ်ခွင့်မရှိကြောင်းနှင့် ဆက်လက် မဆောင်ရွက်ရန် ၁၈-၁-၂၀၀၇ ရက်စွဲပါ အကြောင်းကြားစာဖြင့် ဦးဇော်နိုင်ဦးထံ တရားဝင် အကြောင်းကြားခဲ့သော်လည်း တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိသည့်အပြင် ဝကဖ်၏ ဂေါပကလူကြီးများကို မျက်ကွယ်ပြုလျက် တိုက်သစ် ဆောက်လုပ်ခွင့်ရရှိရန် စည်ပင်သာယာရေး ကော်မတီတွင် ဆက်လက်လျှောက်ထားနေသဖြင့် မြေနှင့်အဆောက်အအုံ၏ စီမံခန့်ခွဲခွင့်ရှိသူ ဂေါပကလူကြီးများက ကန့်ကွက်တားမြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ဆက်လက် ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဦးတင်မောင်၊ ဦးညွန့်ဝင်း၊ ဦးသောင်းတင်
တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင် (ADVOCATE)
B.Com (A.A). D.E.P., R.L
တရားရုံးချုပ်ရှေ့နေ (၂၈၅၉)
အမှတ် ၁၉၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၂၉၇၈၃၀။

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
စစ်ကိုင်းတိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီအမှုအမှတ်-၂

မန်နေဂျာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်မြို့။ **နှင့်**
၁။ ဒေါ်ခင်သောင်းကြည်
၂။ ဦးစိန်သန်း

တရားနိုင် **တရားရှုံးများ**

စစ်ကိုင်းတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃၇/၂၀၀၆ တွင် ကျရောက်သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၀၈ ခုနှစ် မတ် ၅ ရက် (၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) နံနက်၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မုံရွာမြို့ ဘုန်းစိုးရပ် အကွက်အမှတ် (၆၇၃/ထန်းတောကွင်း)၊ ဦးပိုင်အမှတ် (၂၁/ဘီ)၊ ဧရိယာ ဝ ဒသမ ဝ၅၅ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက် အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၆၀။
လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ လျှောက်ထားသူက တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူအား ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်သည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။
၄။ လေလံကျန်ငွေများကို လေလံရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ အထက်ပါအတိုင်း ပေးသွင်းရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသိန်း
တွဲဖက်တိုင်းတရားသူကြီး။

ယခုနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်။

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ အဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် အိမ်မွေးတိရစ္ဆာန်ပြပွဲနှင့်ပြိုင်ပွဲ ၂၀၀၈ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ စာမျက်နှာ ၈ ကော်လံ ၄ ■

မိုးခေါင်ရေ ဝေဆဲ ၂-၂-၂၀၀၈

ဘားအံ	၀ ဒသမ ၃၁ လက်မ
မော်လမြိုင်	၀ ဒသမ ၂၈ လက်မ
သထုံ	၀ ဒသမ ၂၄ လက်မ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ယူနိုက်တက် မြိတ်ကုမ္ပဏီလီမိတက်၏ ကပေါင်း(ခေါ်) ကကတစ်ငါးများ မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ထုတ်လွှင့်ပေးလျက်ရှိသော MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ၏ ထုတ်လွှင့်မှုအင်အားကို အဆင့်မြှင့်တင်ဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ထုတ်လွှင့်ပေးလျက်ရှိရာ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် Digital စနစ်ဖြင့်လည်းကောင်း၊ MRTV-4 (Free to Air) ရုပ်သံလိုင်းကို Analog စနစ်ဖြင့်လည်းကောင်း ထုတ်လွှင့်ပေးလျက်ရှိသည်။ ယခုအခါ အဆိုပါရုပ်သံလိုင်းများကို ထုတ်လွှင့်ပေးနေသည့် စက်ပစ္စည်းများအား လွှင့်အားပိုမိုကောင်းမွန်စေရန်အတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

ခေတ္တရပ်ဆိုင်း

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း MRTV-4 နှင့် အချို့သော ဆက်စပ်ရုပ်သံလိုင်းများကို Digital စနစ်ဖြင့် ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး အချို့သော ဆက်စပ်ရုပ်သံလိုင်းများနှင့် Analog စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိသော MRTV-4 (Free to Air) ရုပ်သံလိုင်းတို့ကို ထုတ်လွှင့်မှု ခေတ္တရပ်ဆိုင်းထားမည်ဖြစ်သည်။

ပိုမိုကောင်းမွန်

ဖေဖော်ဝါရီ ၉ရက်မှ စ၍ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ အားလုံးနှင့် MRTV-4 (Free to Air) ရုပ်သံလိုင်းတို့ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ပိုမိုကောင်းမွန်သော ရုပ်သံအရည်အသွေးဖြင့် ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်မြို့ သစ်တည်ဆောက်ရေးကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မြိတ်မြို့သစ်ကို ရေပေးဝေရန် ဆောက်လုပ်လျက်ရှိသည့် ကဘင်းရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် ကဘင်းရေလှောင်တမံ၏ မြေသားတမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်စီနံရံများတည်ဆောက်နေမှု၊ မိုးရာသီကာလ တောင်ကျရေဝင်ရောက်နိုင်မှုနှင့် ရေစုဆောင်းနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၈ ကော်လံ ၃ ✻

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား